(င) **ပုံစံ** ဆိုသည်မှာ ဤနည်းဥပဒေများအရ သတ်မှတ်သည့်ပုံစံကို ဆိုသည်။

## အခန်း (၂)
## အသိပေးတင်ပြခြင်း

၃။ ငြိမ်းချမ်းစွာစုဝေးခြင်းကိုဖြစ်စေ၊ ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းကိုဖြစ်စေ၊ ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းကိုဖြစ်စေ ဆောင်ရွက်လိုသည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းမှ တာဝန်ရှိသူသည် မိမိဆောင်ရွက်လိုသည့်ကိစ္စရပ်အတွက် သက်ဆိုင်ရာသို့ အသိပေးတင်ပြသည့် ပုံစံ (၁)၊ (၂) သို့မဟုတ် (၃) တို့တွင် ဖော်ပြထားသည့် အချက်အလက်များကို ပြည့်စုံစွာရေးသား၍ ထိုအသိပေးတင်ပြစာအား မိမိဆောင်ရွက်လိုသည့် နေ့ရက်မတိုင်မီ အနည်းဆုံး ၄၈ နာရီကြိုတင်၍ သက်ဆိုင်ရာ မြို့နယ်ရဲတပ်ဖွဲ့မှူးထံ ကိုယ်တိုင်စာဖြင့် ပေးပို့တင်ပြရမည်။

၄။ ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းကိုဆောင်ရွက်ရာတွင် ဖြတ်သန်းလိုသည့် မြို့နယ်များရှိပါက စတင်ဆောင်ရွက်မည့် မြို့နယ်ရှိ မြို့နယ်ရဲတပ်ဖွဲ့မှူးထံ နည်းဥပဒေ ၃ အရ ပြည့်စုံစွာရေးသားဖော်ပြပေးပို့သည့် အသိပေးတင်ပြချက်မိတ္တူကို သက်ဆိုင်ရာ ဖြတ်သန်းလိုသည့် မြို့နယ်ရဲတပ်ဖွဲ့မှူးထံ အသိပေးတင်ပြသူကိုယ်တိုင် သို့မဟုတ် ကိုယ်စားလှယ်တစ်ဦးနှင့်အတူ ပေးပို့ရမည်။

၅။ နည်းဥပဒေ ၃ အရ အသိပေးတင်ပြရာတွင်လည်းကောင်း၊ နည်းဥပဒေ ၄ အရ ဖြတ်သန်းလိုသည့် မြို့နယ်ရှိ မြို့နယ်ရဲတပ်ဖွဲ့မှူးထံ အသိပေးတင်ပြချက်မိတ္တူ ပေးပို့ရာတွင်လည်းကောင်း အသိပေးတင်ပြသူ၊ ဦးဆောင်မည့် ပုဂ္ဂိုလ်၊ ဟောပြောမည့် ပုဂ္ဂိုလ်တို့၏ အမည်နှင့် နေရပ်လိပ်စာအပြည့်အစုံကို ပုံစံ (၄) ပါအတိုင်း တစ်ဦးချင်းဖော်ပြ၍ ပူးတွဲရမည်။

၆။ အသိပေးတင်ပြချက်ကို မြို့နယ်ရဲတပ်ဖွဲ့မှူးကိုယ်တိုင် လက်ခံရမည်။ မြို့နယ်ရဲတပ်ဖွဲ့မှူးမရှိပါက တာဝန်ကျတပ်ဖွဲ့ဝင်တစ်ဦးဦးကလက်ခံ၍ မြို့နယ်ရဲတပ်ဖွဲ့မှူးထံ ဆောလျင်စွာ ဆက်လက်တင်ပြရမည်။

၇။ အသိပေးတင်ပြချက်တွင် ပါဝင်ရမည့်အချက်အလက်များမပြည့်စုံပါက သက်ဆိုင်ရာ မြို့နယ်ရဲတပ်ဖွဲ့မှူးကဖြစ်စေ၊ ယင်းကတာဝန်ပေးအပ်သော ရဲအရာရှိကဖြစ်စေ အသိပေးတင်ပြသူအား လိုအပ်ချက်များ ရှင်းပြ၍ အသိပေးတင်ပြချက်ကို ဆောလျင်စွာ ပြန်လည်ပေးအပ်ရမည်။

၈။ အသိပေးတင်ပြသူသည် နည်းဥပဒေ ၇ အရ ပြန်လည်ပေးအပ်သောအသိပေးတင်ပြချက်ကို လက်ခံရရှိလျှင် လိုအပ်ချက်များကို ပြည့်စုံစွာပြန်လည်ဖြည့်စွက်၍ သက်ဆိုင်ရာမြို့နယ်ရဲတပ်ဖွဲ့မှူးထံ အသိပေးတင်ပြချက်ကို ပြန်လည်တင်ပြရမည်။ ယင်းသို့တင်ပြပါက မိမိဆောင်ရွက်မည့် နေ့ရက်မတိုင်မီ အနည်းဆုံး ၄၈ နာရီ ကြိုတင်၍ တင်ပြရမည်။

၉။ ငြိမ်းချမ်းစွာစုဝေးခြင်းကိုဖြစ်စေ၊ ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းကိုဖြစ်စေ၊ ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းကိုဖြစ်စေ ဆောင်ရွက်လိုသည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းမှ တာဝန်ရှိသူသည် ဥပဒေပါစည်းကမ်းချက်များနှင့် ဒေသဆိုင်ရာလိုအပ်ချက်နှင့်အညီ တာဝန်ရှိပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းများမှ ကြိုတင်သတ်မှတ်ထားသော စည်းကမ်းချက်များနှင့်စပ်လျဉ်းသည့် ညှိနှိုင်းသဘောတူညီချက်များကို လိုက်နာဆောင်ရွက်မည်ဖြစ်ကြောင်း သက်ဆိုင်ရာ မြို့နယ်အုပ်ချုပ်ရေးမှူး သို့မဟုတ် မြို့နယ်စီမံခန့်ခွဲမှုကော်မတီနှင့် ကြိုတင်ညှိနှိုင်း၍ သဘောတူညီချက်ပုံစံ (၅) ကို နည်းဥပဒေ ၃ အရ အသိပေးတင်ပြစာတွင်လည်းကောင်း၊ နည်းဥပဒေ ၄ အရ အသိပေးတင်ပြစာမိတ္တူတွင်လည်းကောင်း တစ်ပါတည်း ပူးတွဲဖော်ပြရမည်။

၁၀။ အသိပေးတင်ပြချက် သို့မဟုတ် အသိပေးတင်ပြချက်မိတ္တူကို လက်ခံရရှိသည့် မြို့နယ်ရဲတပ်ဖွဲ့မှူးသည် ဥပဒေပုဒ်မ ၅ အရ သက်ဆိုင်ရာသို့ ဆောလျင်စွာတင်ပြရမည်။

၁၁။ မြို့နယ်ရဲတပ်ဖွဲ့မှူးသည် နည်းဥပဒေ ၃ အရ အသိပေးတင်ပြချက်ကိုလည်းကောင်း၊ နည်းဥပဒေ ၄ အရ အသိပေးတင်ပြချက်မိတ္တူကိုလည်းကောင်း လက်ခံရရှိသည့်အခါ တစ်နေရာတည်း တစ်ချိန်တည်းတွင် တစ်ဖွဲ့ထက်ပိုသောအဖွဲ့များက ငြိမ်းချမ်းစွာစုဝေးခြင်းကိုဖြစ်စေ၊ ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းကိုဖြစ်စေ၊ ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းကိုဖြစ်စေ ဆောင်ရွက်ရန်အသိပေးတင်ပြသည့် အခြေအနေဖြစ်လာပါက မြို့နယ်စီမံခန့်ခွဲမှုကော်မတီနှင့်ညှိနှိုင်းပြီး အဆိုပါအသိပေးတင်ပြသူ သို့မဟုတ် ဦးဆောင်မည့်ပုဂ္ဂိုလ်တို့နှင့်ညှိနှိုင်း၍ ဖြေရှင်းဆောင်ရွက်ပေးရမည်။

## အခန်း (၃)

## အသိပေးတင်ပြချက်အား လက်ခံရရှိကြောင်း အကြောင်းကြားခြင်း

၁၂။ မြို့နယ်ရဲတပ်ဖွဲ့မှူးသည် နည်းဥပဒေ ၃ အရ အသိပေးတင်ပြချက်ကိုလည်းကောင်း၊ နည်းဥပဒေ ၄ အရ အသိပေးတင်ပြချက်မိတ္တူကိုလည်းကောင်း၊ လက်ခံရရှိပါက အသိပေးတင်ပြချက်တွင်ပါဝင်ရမည့် အချက်အလက်များပြည့်စုံမှု ရှိ မရှိ စိစစ်ပြီး ပြည့်စုံပါက ငြိမ်းချမ်းစွာစုဝေးခြင်းအား ပုံစံ (၆) ဖြင့်လည်းကောင်း၊ ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းအား ပုံစံ (၇) ဖြင့်လည်းကောင်း၊ ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းအား ပုံစံ (၈) ဖြင့်လည်းကောင်း လက်ခံရရှိကြောင်း အကြောင်းကြားစာအား ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းကို စတင်ဆောင်ရွက်လိုသည့် အချိန်မတိုင်မီ ၁၂ နာရီ ကြိုတင်၍ သက်ဆိုင်ရာ အသိပေးတင်ပြသူထံ ပေးအပ်ရမည်။

၁၃။ ငြိမ်းချမ်းစွာစုဝေးခြင်းကိုဖြစ်စေ၊ ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းကိုဖြစ်စေ၊ ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းကိုဖြစ်စေ ဆောင်ရွက်လိုသည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းမှ တာဝန်ရှိသူသည် ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းဆိုင်ရာဥပဒေပါ စည်းကမ်းချက်များနှင့် ဒေသဆိုင်ရာလိုအပ်ချက်နှင့်အညီ တာဝန်ရှိပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းများမှ ကြိုတင်သတ်မှတ်ထားသော စည်းကမ်းချက်များနှင့်စပ်လျဉ်းသည့် ညှိနှိုင်းသဘောတူညီချက်များကိုလည်း လိုက်နာဆောင်ရွက်သွားရန် နည်းဥပဒေ ၁၂ အရ အကြောင်းကြားစာတွင် ဖော်ပြရမည်။

## အခန်း (၄)

## ကြိုတင်ညှိနှိုင်းဆောင်ရွက်ခြင်း

၁၄။ ငြိမ်းချမ်းစွာစုဝေးခြင်းကိုဖြစ်စေ၊ ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းကိုဖြစ်စေ၊ ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းကိုဖြစ်စေ ဥပဒေနှင့်အညီဆောင်ရွက်ရာတွင် ဥပဒေပုဒ်မ ၁၀၊ ပုဒ်မခွဲ (ဌ) အရ တာဝန်ရှိပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းများက မြို့နယ်အတွင်းဒေသဆိုင်ရာလိုအပ်ချက်အရ သတ်မှတ်ရန်လိုအပ်သည့်စည်းကမ်းချက်များကို ကြိုတင်ရေးဆွဲထားနိုင်ရေးအတွက် မြို့နယ်ရဲတပ်ဖွဲ့မှူးသည် မြို့နယ်အုပ်ချုပ်ရေးမှူးထံ တင်ပြရမည်။

၁၅။ မြို့နယ်အုပ်ချုပ်ရေးမှူးသည် သတ်မှတ်ထားရန်လိုအပ်သော စည်းကမ်းချက်များကို မြို့နယ်စီမံခန့်ခွဲမှုကော်မတီ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်အတွင်းရှိ သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ကြိုတင်ညှိနှိုင်း၍ ရေးဆွဲရမည်။

၁၆။ မြို့နယ်အုပ်ချုပ်ရေးမှူးသည် နည်းဥပဒေ ၁၅ အရ ညှိနှိုင်းရေးဆွဲထားသည့် ကြိုတင်သတ်မှတ်သော စည်းကမ်းချက်များကို ခရိုင်အုပ်ချုပ်ရေးမှူး၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အုပ်ချုပ်ရေးမှူးမှတစ်ဆင့် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၏ အတည်ပြုချက်ကိုရယူ၍ သက်ဆိုင်ရာ မြို့နယ်ရဲတပ်ဖွဲ့မှူးထံ ပြန်ကြားရမည်။

၁၇။ ငြိမ်းချမ်းစွာစုဝေးခြင်းကိုဖြစ်စေ၊ ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းကိုဖြစ်စေ၊ ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းကိုဖြစ်စေ ဆောင်ရွက်လိုသည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းမှ တာဝန်ရှိသူသည် မိမိဆောင်ရွက်လိုသည့် ကိစ္စနှင့်စပ်လျဉ်း၍ မြို့နယ်ရဲတပ်ဖွဲ့မှူးထံ နည်းဥပဒေ ၃ အရ အသိပေးတင်ပြရာတွင် ဥပဒေပုဒ်မ ၄၊ ပုဒ်မခွဲ (စ) အရ စည်းကမ်းချက်များနှင့် တာဝန်ရှိပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းများက ဒေသဆိုင်ရာလိုအပ်ချက်အရ ကြိုတင်သတ်မှတ်ထားသော စည်းကမ်းချက်များနှင့် စပ်လျဉ်းသည့် ညှိနှိုင်းသဘောတူညီချက်များ တင်ပြနိုင်ရေးအတွက် မြို့နယ်အုပ်ချုပ်ရေးမှူး သို့မဟုတ် မြို့နယ်စီမံခန့်ခွဲမှုကော်မတီနှင့် ကြိုတင်ညှိနှိုင်းရယူရမည်။

၁၈။ နည်းဥပဒေ ၁၇ အရ ကြိုတင်ညှိနှိုင်းရာတွင် မြို့နယ်အုပ်ချုပ်ရေးမှူး သို့မဟုတ် မြို့နယ်စီမံခန့်ခွဲမှုကော်မတီသည် ငြိမ်းချမ်းစွာစုဝေးခြင်းကိုဖြစ်စေ၊ ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းကိုဖြစ်စေ၊ ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းကိုဖြစ်စေ ဆောင်ရွက်လိုသည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းမှ တာဝန်ရှိသူက မိမိဆောင်ရွက်လိုသည့်ကိစ္စနှင့်စပ်လျဉ်း၍ တင်ပြသည့်အခါ ဥပဒေပါစည်းကမ်းချက်များနှင့် တာဝန်ရှိပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းများက ဒေသဆိုင်ရာလိုအပ်ချက်အရ ကြိုတင်သတ်မှတ်ထားသော စည်းကမ်းချက်များအား လိုက်နာဆောင်ရွက်ရေးအတွက် အသေးစိတ်ရှင်းလင်းပြောကြားပြီး ညှိနှိုင်းသဘောတူညီချက်ကို ပုံစံ (၅) ဖြင့် ပေးအပ်ရမည်။

၁၉။ ငြိမ်းချမ်းစွာစုဝေးခြင်းကိုဖြစ်စေ၊ ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းကိုဖြစ်စေ၊ ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းကိုဖြစ်စေ ဆောင်ရွက်ရာတွင် ဦးဆောင်သည့် ပုဂ္ဂိုလ်သည် နည်းဥပဒေ ၁၂ အရ ပြန်ကြားထားသည့် အသိပေးတင်ပြချက်အား လက်ခံရရှိကြောင်း အကြောင်းကြားစာကို တစ်ပါတည်းယူဆောင်သွားရမည့်အပြင် တာဝန်ရှိပုဂ္ဂိုလ်က တောင်းဆိုပါက ပြသရမည်။

၂၀။ ငြိမ်းချမ်းစွာစုဝေးခြင်းကိုဖြစ်စေ၊ ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းကိုဖြစ်စေ ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းကိုဖြစ်စေ အသိပေးတင်ပြချက်အရ ဆောင်ရွက်ရာတွင် စုဝေးသည့်နေရာနှင့် စီတန်းလှည့်လည်ရာတွင် ပါဝင်သူများက ဥပဒေပါစည်းကမ်းချက်များနှင့် ဒေသဆိုင်ရာလိုအပ်ချက်နှင့်အညီ တာဝန်ရှိပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းများက ကြိုတင်သတ်မှတ်ထားသော စည်းကမ်းချက်များနှင့်စပ်လျဉ်းသည့် ညှိနှိုင်းသဘောတူညီချက်များအား ဖောက်ဖျက်မှုမရှိစေရေးအတွက် ဦးဆောင်အသိပေးတင်ပြသည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းက တာဝန်ယူရမည်။

## အခန်း (၅)

## အရေးယူဆောင်ရွက်ခြင်း

၂၁။ ငြိမ်းချမ်းစွာစုဝေးခြင်းကိုဖြစ်စေ၊ ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းကိုဖြစ်စေ၊ ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းကိုဖြစ်စေ ဆောင်ရွက်ရာတွင် ဆက်စပ်မြို့နယ်များပါဝင်ပါက သက်ဆိုင်ရာမြို့နယ်များက ဒေသဆိုင်ရာလိုအပ်ချက်နှင့်အညီ တာဝန်ရှိပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းများက ကြိုတင်သတ်မှတ်ထားသော စည်းကမ်းချက်များကိုလည်း လိုက်နာရမည်။

၂၂။ ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းများကို ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆောင်ရွက်နေသူများအား ဥပဒေပုဒ်မ ၁၃ အရ ဒုတိယရဲအုပ်အဆင့်အောက် မနိမ့်သော ရဲအရာရှိတစ်ဦးဦးက ကာကွယ်စောင့်ရှောက်မှုပေးသည့်အခါ နယ်မြေအခြေအနေနှင့် စုဝေးခြင်း၊ စီတန်းလှည့်လည်ခြင်းပြုရာတွင် ပါဝင်သည့်လူဦးရေပေါ်မူတည်၍ လုံလောက်သော ရဲတပ်ဖွဲ့ဝင်အင်အားကို အသုံးပြုရမည်။

၂၃။ တာဝန်ပေးအပ်ခြင်းခံရသော ရဲအရာရှိနှင့် တပ်ဖွဲ့ဝင်များသည် ငြိမ်းချမ်းစွာစုဝေးခြင်းကိုဖြစ်စေ၊ ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းကိုဖြစ်စေ၊ ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းကိုဖြစ်စေ ဆောင်ရွက်သူများအား ဥပဒေနှင့်အညီ ကာကွယ်ပေးရမည့်အပြင် ၎င်းတို့ကို နှောင့်ယှက်ခြင်း၊ စိတ်ပြိုငြင်စေခြင်း၊ လက်ရောက်မှုကျူးလွန်ခြင်း၊ အနိုင်အထက်ပြုခြင်း သို့မဟုတ် ဟန့်တားခြင်း ပြုလုပ်သူများကို ဥပဒေနှင့်အညီ အရေးယူနိုင်ရန် ဆောင်ရွက်ရမည်။

၂၄။ နည်းဥပဒေ ၂၂ အရ တာဝန်ပေးအပ်ခြင်းခံရသည့် ရဲအရာရှိသည် ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းပြုလုပ်ရာတွင် နည်းဥပဒေ ၂၃ အရ ကာကွယ်ပေးရမည့်အပြင် စုဝေးခြင်း၊ စီတန်းလှည့်လည်ခြင်းပြုရာတွင် ဥပဒေပါ စည်းကမ်းချက်တစ်ရပ်ရပ်ကိုသော်လည်းကောင်း၊ တာဝန်ရှိပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းများက ဒေသဆိုင်ရာလိုအပ်ချက်အရ ကြိုတင်သတ်မှတ်ထားသော စည်းကမ်းချက်များနှင့်စပ်လျဉ်းသည့် ညှိနှိုင်းသဘောတူညီချက် တစ်ရပ်ရပ်ကိုသော်လည်းကောင်း လိုက်နာခြင်း ရှိ မရှိ စောင့်ကြပ်ကြည့်ရှုပြီး လိုက်နာခြင်းမရှိကြောင်းတွေ့ရှိရပါက ဦးဆောင်သည့်ပုဂ္ဂိုလ်အား သတိပေးရမည်။

၂၅။ ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် စီတန်းလှည့်လည်ခြင်းပြုရာတွင် စည်းကမ်းချက်တစ်ရပ်ရပ်ကိုသော်လည်းကောင်း၊ ညှိနှိုင်းသဘောတူညီချက်တစ်ရပ်ရပ်ကိုသော်လည်းကောင်း လိုက်နာခြင်းမရှိကြောင်း

တစ်ဦးဦးက တိုင်ကြားလာပါက နည်းဥပဒေ ၂၂ အရ တာဝန်ပေးအပ်ခြင်းခံရသည့် ရဲအရာရှိသည် ယင်းတိုင်ကြားချက်နှင့်စပ်လျဉ်း၍ ချက်ချင်းစိစစ်ပြီး မှန်ကန်ကြောင်းတွေ့ရှိပါက ဦးဆောင်သည့် ပုဂ္ဂိုလ်အား သတိပေးရမည်။

၂၆။ နည်းဥပဒေ ၂၄၊ ၂၅ တို့အရ သတိပေးသော်လည်း လိုက်နာခြင်းမရှိပါက မြို့နယ်ရဲတပ်ဖွဲ့မှူးထံ ချက်ချင်းတင်ပြ၍ ညွှန်ကြားချက်ရယူရမည်။

၂၇။ ဥပဒေပုဒ်မ ၁၅ ပါ တားမြစ်ချက်များကိုမလိုက်နာ၍ ဥပဒေပုဒ်မ ၁၆ အရ လူစုခွဲရန်ဆောင်ရွက်ရာတွင် ဆန္ဒပြသူများအနေဖြင့် လူစုမခွဲဘဲ ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေး၊ ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်လုံခြုံမှုကို ထိခိုက်လာသည်အထိပြုမူလာပါက လူစုခွဲခြင်းကို ရာဇဝတ်ကျင့်ထုံး ဥပဒေနှင့် တည်ဆဲဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

## အခန်း (၆)

## အထွေထွေ

၂၈။ ငြိမ်းချမ်းစွာစုဝေးခြင်းကိုဖြစ်စေ၊ ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းကိုဖြစ်စေ၊ ငြိမ်းချမ်းစွာစုဝေး ခြင်းနှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းကိုဖြစ်စေ ဆောင်ရွက်လိုကြောင်း အသိပေးတင်ပြထားသူသည် အကြောင်းအမျိုးမျိုးကြောင့် ဆောင်ရွက်လိုခြင်းမရှိတော့ပါက အသိပေးတင်ပြချက်ပေးပို့ထားသည့် မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် အသိပေးတင်ပြချက်မိတ္တူပေးပို့ထားသည့် သက်ဆိုင်ရာဖြတ်သန်းလိုသည့် မြို့နယ်ရဲတပ်ဖွဲ့မှူးများထံသို့ ဆောင်ရွက်လိုခြင်းမရှိသည့် အကြောင်းကြားစာကို ပုံစံ (၉) ဖြင့် ဆောလျင်စွာ ပေးပို့ရမည်။

၂၉။ (က) ဤဥပဒေပါ ပြစ်မှုကျူးလွန်သူများကို မြို့နယ်ရဲတပ်ဖွဲ့မှူးကဖြစ်စေ၊ နည်းဥပဒေ ၂၂ အရ တာဝန်ပေးအပ်ခြင်းခံရသည့် ရဲအရာရှိကဖြစ်စေ၊ ဥပဒေပုဒ်မ ၁၈ ပါ ပြစ်မှုအတွက် ကျူးလွန်ခံရသူကဖြစ်စေ အမှုဖွင့်တိုင်ကြားနိုင်သည်။

(ခ) ဥပဒေပုဒ်မ ၁၈ နှင့် ၁၉ တို့အရ အရေးယူရန်လိုအပ်ပါက စတင်ဖောက်ဖျက်ကျူးလွန်သည့် မြို့နယ်ရှိ သက်ဆိုင်ရာရဲစခန်း၌ အမှုဖွင့်ဆောင်ရွက်ရမည်။

(ဂ) နည်းဥပဒေခွဲ (ခ) အရ အမှုဖွင့်သည့်အခါ သက်ဆိုင်ရာ မြို့နယ်ရဲတပ်ဖွဲ့မှူးသည် ဆက်စပ် မြို့နယ်များပါဝင်ပါက အမှုဖွင့်အရေးယူထားမှုအခြေအနေကို အဆိုပါမြို့နယ်များသို့ အကြောင်းကြားရမည်။

၃၀။ ပြည်ထဲရေးဝန်ကြီးဌာနက ၂၀၁၂ ခုနှစ်၊ ဇူလိုင်လ ၅ ရက် ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၃၉၄/၂၀၁၂ ဖြင့် ထုတ်ပြန်ခဲ့သော ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခွင့်ဆိုင်ရာနည်းဥပဒေများကို ဤနည်းဥပဒေများဖြင့် ပယ်ဖျက်လိုက်သည်။

**ပုံစံ (၁)**

သို့

မြို့နယ်ရဲတပ်ဖွဲ့မှူး

-----------------------မြို့

ရက်စွဲ၊ ----------------------

အကြောင်းအရာ။ **ငြိမ်းချမ်းစွာစုဝေးခြင်းပြုလုပ်ရန် အသိပေးတင်ပြခြင်း**

၁။ ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းဆိုင်ရာ ဥပဒေပုဒ်မ ၄ အရ ငြိမ်းချမ်းစွာစုဝေးခြင်း ဆောင်ရွက်မည်ဖြစ်ကြောင်း အောက်ဖော်ပြပါအချက်များ ဖော်ပြ၍ အသိပေးတင်ပြအပ်ပါသည်-

(က) ရည်ရွယ်ချက်။---------------------------------------------------------------------------

---------------------------------------------------------------------------------------

(ခ) နေရာ။----------------------------------------------------------------------------------

(ဂ) နေ့ရက်။--------------------------------------------------------------------------------

(ဃ) အချိန်အပိုင်းအခြား။---------------------မှ ------------------------------------ထိ

(င) ဦးဆောင်မည့်ပုဂ္ဂိုလ်/အဖွဲ့အစည်း။-------------------------------------------------------

(စ) ဟောပြောမည့် ပုဂ္ဂိုလ်များ။---------------------------------------------------------------

-----------------------------------------------------------

-----------------------------------------------------------

(ဆ) ဟောပြောမည့် အဓိကအကြောင်းအရာ။-----------------------------------------------

---------------------------------------------------------------------------------------

(ဇ) ကြွေးကြော်မည့် ကြွေးကြော်သံများ။ (မလုံလောက်ပါက သီးခြားစာရွက်ဖြင့် ပူးတွဲဖော်ပြရန်)

(၁) ---------------------------------------------------------

(၂) ---------------------------------------------------------

(၃) ---------------------------------------------------------

(ဈ) တက်ရောက်မည့် ခန့်မှန်းအင်အား----------------------------ဦး။

၂။ အောက်ပါတို့ကို ပူးတွဲတင်ပြပါသည်-

(က) ဦးဆောင်မည့် ပုဂ္ဂိုလ်၏ အမည်နှင့် ဆက်သွယ်ရမည့် နေရပ်လိပ်စာအပြည့်အစုံ၊

(ခ) ဟောပြောမည့် ပုဂ္ဂိုလ် (များ) ၏ အမည်နှင့် ဆက်သွယ်ရမည့် နေရပ်လိပ်စာအပြည့်အစုံ၊

(ဂ) အသိပေးတင်ပြသူ၏ အမည်နှင့် ဆက်သွယ်ရမည့် နေရပ်လိပ်စာအပြည့်အစုံ၊

(ဃ) အသုံးပြုမည့် ပိုစတာ၊ ဆိုင်းဘုတ်ပါစာသားနှင့် ရုပ်ပုံများ၊

(င) ဆောင်ရွက်မည့် အစီအစဉ်။

၃။ ပါတီ၊ အဖွဲ့အစည်းအနေဖြင့် ဆောင်ရွက်ရန် အသိပေးတင်ပြခြင်းဖြစ်ပါသဖြင့် အောက်ပါတို့ကို ပူးတွဲတင်ပြပါသည်-

(က) ပါတီ၊ အဖွဲ့အစည်း၏ အစည်းအဝေးဆုံးဖြတ်ချက် မှတ်တမ်း သို့မဟုတ် သဘောတူညီကြောင်း လက်မှတ်ရေးထိုးထားသည့် မှတ်တမ်း၊

(ခ) အခြားလိုအပ်သော အထောက်အထားများ။

၄။ အသိပေးတင်ပြသည့်အတိုင်း ငြိမ်းချမ်းစွာစုဝေးခြင်းဆောင်ရွက်ပါက ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းဆိုင်ရာ ဥပဒေပါစည်းကမ်းချက်များအပြင် ဥပဒေပုဒ်မ ၁၀၊ ပုဒ်မခွဲ (ဌ) ပါအတိုင်း သတ်မှတ်ထားသည့် စည်းကမ်းချက်များကိုပါ လိုက်နာပါမည်။

အသိပေးတင်ပြသူ

ဦး/ဒေါ်-----------------------

နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်-----------------------------

**ပုံစံ (၂)**

သို့

မြို့နယ်ရဲတပ်ဖွဲ့မှူး

-----------------------မြို့

ရက်စွဲ၊ -----------------------

အကြောင်းအရာ။ **ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းဆောင်ရွက်ရန် အသိပေးတင်ပြခြင်း**

၁။ ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းဆိုင်ရာဥပဒေပုဒ်မ ၄ အရ ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းဆောင်ရွက်ရန် အောက်ဖော်ပြပါအချက်များနှင့်အတူ အသိပေးတင်ပြအပ်ပါသည်-

(က) ရည်ရွယ်ချက်။---------------------------------------------------------------------

---------------------------------------------------------------------------------

( ခ ) လမ်းကြောင်း။-------------------------------------------------------------------

(၁) စတင်မည့်နေရာ။----------------------------------------------------------

(၂) ပြီးဆုံးမည့်နေရာ။--------------------------------------------------------

(၃) ဖြတ်သန်းလိုသည့် မြို့နယ်များ။--------------------------------------------

( ဂ ) နေ့ရက်။------------------------------------------------------------------------

(ဃ) အချိန်အပိုင်းအခြား။--------------------- မှ ------------------------------------- ထိ

( င ) ဦးဆောင်မည့် ပုဂ္ဂိုလ်/အဖွဲ့အစည်း။------------------------------------------------

( စ ) ကြွေးကြော်မည့် ကြွေးကြော်သံများ။ (မလုံလောက်ပါက သီးခြားစာရွက်ဖြင့် ပူးတွဲဖော်ပြရန်)

(၁) -------------------------------------------------------

(၂) -------------------------------------------------------

(၃) -------------------------------------------------------

(ဆ) စီတန်းလှည့်လည်ရာတွင် ပါဝင်မည့် ခန့်မှန်းအင်အား---------------------------- ဦး။

၂။ အောက်ပါတို့ကို ပူးတွဲတင်ပြပါသည်-

(က) ဦးဆောင်မည့် ပုဂ္ဂိုလ်၏ အမည်နှင့် ဆက်သွယ်ရမည့် နေရပ်လိပ်စာအပြည့်အစုံ၊

( ခ ) အသိပေးတင်ပြသူ၏ အမည်နှင့် ဆက်သွယ်ရမည့် နေရပ်လိပ်စာအပြည့်အစုံ၊

( ဂ ) အသုံးပြုမည့် ပိုစတာ၊ ဆိုင်းဘုတ်ပါစာသားနှင့် ရုပ်ပုံများ၊

(ဃ) ဆောင်ရွက်မည့် အစီအစဉ်။

၃။ ပါတီ၊ အဖွဲ့အစည်းအနေဖြင့် ဆောင်ရွက်ရန်အသိပေးတင်ပြခြင်းဖြစ်ပါသဖြင့် အောက်ပါတို့ကို ပူးတွဲတင်ပြပါသည်-

(က) ပါတီ၊ အဖွဲ့အစည်း၏ အစည်းအဝေးဆုံးဖြတ်ချက် မှတ်တမ်း သို့မဟုတ် သဘောတူညီကြောင်း လက်မှတ်ရေးထိုးထားသည့် မှတ်တမ်း၊

( ခ ) အခြားလိုအပ်သော အထောက်အထားများ။

၄။ အသိပေးတင်ပြသည့်အတိုင်း ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းဆောင်ရွက်ပါက ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းဆိုင်ရာ ဥပဒေပါစည်းကမ်းချက်များအပြင် ဥပဒေပုဒ်မ ၁၀၊ ပုဒ်မခွဲ (ဠ) ပါအတိုင်း သတ်မှတ်ထားသည့် စည်းကမ်းချက်များကိုပါ လိုက်နာပါမည်။

အသိပေးတင်ပြသူ

ဦး/ဒေါ်----------------------

နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်----------------------------

**ပုံစံ (၃)**

သို့

မြို့နယ်ရဲတပ်ဖွဲ့မှူး

-----------------------မြို့

ရက်စွဲ၊ -----------------------

အကြောင်းအရာ။ **ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းဆောင်ရွက်ရန် အသိပေးတင်ပြခြင်း**

၁။ ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းဆိုင်ရာ ဥပဒေပုဒ်မ ၄ အရ ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းကို ပူးတွဲဆောင်ရွက်ရန် အောက်ဖော်ပြပါအချက်များနှင့်အတူအသိပေးတင်ပြအပ်ပါသည်-

(က) ရည်ရွယ်ချက်။-----------------------------------------------------------------------

-----------------------------------------------------------------------

( ခ ) နေ့ရက်။-----------------------------------------------------------------------

( ဂ ) ဦးဆောင်မည့် ပုဂ္ဂိုလ်/အဖွဲ့အစည်း။ -----------------------------------------------

(ဃ) ဟောပြောမည့် ပုဂ္ဂိုလ်များ။---------------------------------------------------

---------------------------------------------------

---------------------------------------------------

( င ) ဟောပြောမည့် အဓိကအကြောင်းအရာ။ -------------------------------------------

( စ ) စုဝေးခြင်းစတင်မည့် အချိန်။----------------------------------------------------

(ဆ) စုဝေးခြင်းပြီးဆုံးမည့် အချိန်။----------------------------------------------------

( ဇ ) တက်ရောက်မည့် ခန့်မှန်းအင်အား-----------------------------ဦး။

(ဈ) စီတန်းလှည့်လည်ခြင်းစတင်မည့် အချိန်။------------------------------------------

(ည) စီတန်းလှည့်လည်ခြင်းပြီးဆုံးမည့် အချိန်။----------------------------------------

( ဋ ) စီတန်းလှည့်လည်ရာတွင် ပါဝင်မည့် ခန့်မှန်းအင်အား-----------------------------ဦး။

(၄) **ကြွေးကြော်မည့် ကြွေးကြော်သံများ။** (မလုံလောက်ပါက သီးခြားစာရွက်ဖြင့် ပူးတွဲဖော်ပြရန်)

(၁) ----------------------------------------------------------------------------

(၂) ----------------------------------------------------------------------------

(၃) ----------------------------------------------------------------------------

(၃) **လမ်းကြောင်း။**------------------------------------------------------------------

**(၁) စတင်မည့် နေရာ။**----------------------------------------------------------

**(၂) ပြီးဆုံးမည့်နေရာ။**---------------------------------------------------------

**(၃) ဖြတ်သန်းလိုသည့် မြို့နယ်များ။**---------------------------------------------

၂။ အောက်ပါတို့ကို ပူးတွဲတင်ပြပါသည်-

(က) ဦးဆောင်မည့် ပုဂ္ဂိုလ်၏ အမည်နှင့် ဆက်သွယ်ရမည့် နေရပ်လိပ်စာအပြည့်အစုံ၊

(ခ) ဟောပြောမည့်ပုဂ္ဂိုလ် (များ) ၏ အမည်နှင့် ဆက်သွယ်ရမည့် နေရပ်လိပ်စာအပြည့်အစုံ၊

(ဂ) အသိပေးတင်ပြသူ၏ အမည်နှင့် ဆက်သွယ်ရမည့် နေရပ်လိပ်စာအပြည့်အစုံ၊

(ဃ) အသုံးပြုမည့် ပိုစတာ၊ ဆိုင်းဘုတ်ပါစာသားနှင့် ရုပ်ပုံများ၊

(င) ဆောင်ရွက်မည့် အစီအစဉ်။

၃။ ပါတီ၊ အဖွဲ့အစည်းအနေဖြင့် ဆောင်ရွက်ရန် အသိပေးတင်ပြခြင်းဖြစ်ပါသဖြင့် အောက်ပါတို့ကို ပူးတွဲတင်ပြပါသည်-

(က) ပါတီ၊ အဖွဲ့အစည်း၏ အစည်းအဝေးဆုံးဖြတ်ချက် မှတ်တမ်း သို့မဟုတ် သဘောတူညီကြောင်း လက်မှတ်ရေးထိုးထားသည့် မှတ်တမ်း၊

(ခ) အခြားလိုအပ်သော အထောက်အထားများ။

၄။ အသိပေးတင်ပြသည့်အတိုင်း ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းဆောင်ရွက်ပါက ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းဆိုင်ရာဥပဒေပါစည်းကမ်းချက်များအပြင် ဥပဒေပုဒ်မ ၁၀၊ ပုဒ်မခွဲ (ဠ) ပါအတိုင်း သတ်မှတ်ထားသည့် စည်းကမ်းချက်များကိုပါ လိုက်နာပါမည်။

အသိပေးတင်ပြသူ

ဦး/ဒေါ်-----------------------

နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်-----------------------------

ပုံစံ (၄)

ငြိမ်းချမ်းစွာစုဝေးခြင်း၊ ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်း၊ ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းဆောင်ရွက်ရန်အတွက် အသိပေးတင်ပြသူ/ဦးဆောင်သူ/ဟောပြောမည့် ပုဂ္ဂိုလ်၏ အမည်နှင့် နေရပ်လိပ်စာအပြည့်အစုံ-

၁။ အမည် ----------------------------------------

၂။ နေရပ်လိပ်စာအပြည့်အစုံ ----------------------------------------

----------------------------------------

----------------------------------------

၃။ ပါတီ၊ အဖွဲ့အစည်းဝင်ဖြစ်ပါကတာဝန် ----------------------------------------

၄။ ပါတီ၊ အဖွဲ့အစည်း ----------------------------------------

လက်မှတ်

ပုံစံ (၅)

အကြောင်းအရာ။ **ဥပဒေပါ စည်းကမ်းချက်များနှင့် ဒေသဆိုင်ရာလိုအပ်ချက်အရ တာဝန်ရှိပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းများမှ ကြိုတင်သတ်မှတ်ထားသော စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်မည် ဖြစ်ကြောင်း ညှိနှိုင်းသဘောတူညီချက်**

၁။ ဦး/ဒေါ်--------------မှ ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းဆိုင်ရာ အခွင့်အရေးတို့ကို သုံးစွဲလိုကြောင်း ဥပဒေပုဒ်မ ၄ အရ သက်ဆိုင်ရာ မြို့နယ်ရဲတပ်ဖွဲ့မှူးထံ အသိပေးတင်ပြသွားမည်ဖြစ်ပါသည်။

၂။ ထိုသို့ အသိပေးတင်ပြ၍ ငြိမ်းချမ်းစွာစုဝေးခြင်း သို့မဟုတ် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်း သို့မဟုတ် ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းတို့ကို ဆောင်ရွက်ရာတွင် ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းဆိုင်ရာဥပဒေပါ စည်းကမ်းချက်များကို လိုက်နာမည့်အပြင် ယင်းဥပဒေပုဒ်မ ၁၀၊ ပုဒ်မခွဲ (ဠ) ပါ ဒေသဆိုင်ရာလိုအပ်ချက်နှင့်အညီ တာဝန်ရှိပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းများမှ ကြိုတင်သတ်မှတ်ထားသော စည်းကမ်းချက်များကိုလည်း လိုက်နာဆောင်ရွက်ရန် သဘောတူကြောင်းနှင့် ဖောက်ဖျက်ခဲ့ပါက တည်ဆဲဥပဒေအရ အရေးယူခြင်းခံရမည်ဖြစ်ကြောင်း သိရှိပါသည်-

(က) ညှိနှိုင်းဆွေးနွေးသည့် နေ့ --------------------------------

(ခ) ညှိနှိုင်းဆွေးနွေးသည့် နေရာ --------------------------------

(ဂ) ဦးဆောင်ဆွေးနွေးသူ --------------------------------
(တာဝန်ရှိပုဂ္ဂိုလ်/ အဖွဲ့အစည်း)

(ဃ) ဦးဆောင်ဆွေးနွေးသူ ---------------------------------
(အသိပေးတင်ပြသူ/အဖွဲ့အစည်း)

အသိပေးတင်ပြသူ

ဦး/ဒေါ်----------------------

နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်-----------------------------

**ပုံစံ (၆)**

| |
|---|
| ရုံးတံဆိပ် |

-------------------------

မြို့နယ်ရဲတပ်ဖွဲ့မှူးရုံး

--------------------------------- မြို့

စာအမှတ်၊-----------------------------------------

ရက်စွဲ၊---------------------------------------------

သို့

ဦး/ဒေါ်-----------------

နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်

အကြောင်းအရာ။ **ငြိမ်းချမ်းစွာစုဝေးခြင်းပြုလုပ်ရန် အသိပေးတင်ပြချက်အား လက်ခံရရှိကြောင်း ပြန်ကြားခြင်း**

ရည်ညွှန်းချက်။ ဦး/ဒေါ်-------------------၏ ----------------- ရက်နေ့ တင်ပြစာ

၁။ ဦး/ဒေါ်-------------------- ၏ ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းဆိုင်ရာ ဥပဒေပုဒ်မ ၄ အရ ငြိမ်းချမ်းစွာစုဝေးခြင်းဆောင်ရွက်မည်ဖြစ်ကြောင်း အသိပေးတင်ပြချက်အား ----------- ရက် --------------အချိန်တွင် လက်ခံရရှိပါသည်။

၂။ ငြိမ်းချမ်းစွာစုဝေးခြင်းဆောင်ရွက်ရာတွင် ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းဆိုင်ရာ ဥပဒေပါ စည်းကမ်းချက်များအပြင် ဥပဒေပုဒ်မ ၁၀၊ ပုဒ်မခွဲ (ဍ) ပါအတိုင်း သတ်မှတ်ထားသည့် စည်းကမ်းချက်များကိုပါ လိုက်နာဆောင်ရွက်သွားရန် အကြောင်းကြားပါသည်။

၃။ ဒေသဆိုင်ရာစည်းကမ်းချက်များ ပူးတွဲလျက်။

မြို့နယ်ရဲတပ်ဖွဲ့မှူး

-------------------မြို့

ပုံစံ (၇)

ရုံးတံဆိပ်

------------------------- မြို့နယ်ရဲတပ်ဖွဲ့မှူးရုံး

---------------------------------- မြို့

စာအမှတ်၊-----------------------------------------

ရက်စွဲ၊---------------------------------------------

သို့

ဦး/ဒေါ်-----------------

နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်

အကြောင်းအရာ။ **ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းပြုလုပ်ရန် အသိပေးတင်ပြချက်အား လက်ခံရရှိကြောင်း ပြန်ကြားခြင်း**

ရည်ညွှန်းချက်။ ဦး/ဒေါ်-------------------၏ ----------------- ရက်နေ့ တင်ပြစာ

၁။ ဦး/ဒေါ်------------------ ၏ ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းဆိုင်ရာ ဥပဒေပုဒ်မ ၄ အရ ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းဆောင်ရွက်မည်ဖြစ်ကြောင်း အသိပေးတင်ပြချက်အား ------------- ရက် --------------အချိန်တွင် လက်ခံရရှိပါသည်။

၂။ ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းဆောင်ရွက်ရာတွင် ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းဆိုင်ရာဥပဒေပါ စည်းကမ်းချက်များအပြင် ဥပဒေပုဒ်မ ၁၀၊ ပုဒ်မခွဲ (ဋ) ပါအတိုင်း သတ်မှတ်ထားသည့် စည်းကမ်းချက်များကိုပါ လိုက်နာဆောင်ရွက်သွားရန် အကြောင်းကြားပါသည်။

၃။ ဒေသဆိုင်ရာစည်းကမ်းချက်များ ပူးတွဲလျက်။

မြို့နယ်ရဲတပ်ဖွဲ့မှူး

-------------------မြို့

**ပုံစံ (၈)**

ရုံးတံဆိပ်

------------------------

မြို့နယ်ရဲတပ်ဖွဲ့မှူးရုံး

-------------------------------- မြို့

စာအမှတ်၊----------------------------------------

ရက်စွဲ၊--------------------------------------------

သို့

ဦး/ဒေါ်-----------------

နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်

အကြောင်းအရာ။ **ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းပြုလုပ်ရန် အသိပေးတင်ပြချက်အား လက်ခံရရှိကြောင်း ပြန်ကြားခြင်း**

ရည်ညွှန်းချက်။ ဦး/ဒေါ်--------------------၏ ----------------- ရက်နေ့ တင်ပြစာ

၁။ ဦး/ဒေါ်------------------- ၏ ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းဆိုင်ရာ ဥပဒေပုဒ်မ ၄ အရ ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်း ဆောင်ရွက်မည်ဖြစ်ကြောင်း အသိပေးတင်ပြချက်အား ------------- ရက် --------------အချိန်တွင် လက်ခံရရှိပါသည်။

၂။ ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းဆောင်ရွက်ရာတွင် ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းဆိုင်ရာဥပဒေပါ စည်းကမ်းချက်များအပြင် ဥပဒေပုဒ်မ ၁၀၊ ပုဒ်မခွဲ (ဠ) ပါအတိုင်း သတ်မှတ်ထားသည့် စည်းကမ်းချက်များကိုပါ လိုက်နာဆောင်ရွက်သွားရန် အကြောင်းကြားပါသည်။

၃။ ဒေသဆိုင်ရာစည်းကမ်းချက်များ ပူးတွဲလျက်။

မြို့နယ်ရဲတပ်ဖွဲ့မှူး

------------------မြို့

**ပုံစံ (၉)**

သို့

မြို့နယ်ရဲတပ်ဖွဲ့မှူး

-----------------------မြို့

ရက်စွဲ၊ -----------------------

အကြောင်းအရာ။ **ငြိမ်းချမ်းစွာစုဝေးခြင်း သို့မဟုတ် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်း သို့မဟုတ် ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်း ဆောင်ရွက်မည်ဖြစ်ကြောင်း အသိပေးတင်ပြချက်အား ပြန်လည်ရုပ်သိမ်းကြောင်းတင်ပြခြင်း**

ရည်ညွှန်းချက်။ ဦး/ဒေါ်-------------------၏ ----------------- နေ့ အသိပေးတင်ပြချက်

၁။ ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းဆိုင်ရာ ဥပဒေပုဒ်မ ၄ အရ ငြိမ်းချမ်းစွာစုဝေးခြင်း သို့မဟုတ် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်း သို့မဟုတ် ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်း ဆောင်ရွက်မည်ဖြစ်ကြောင်း ရည်ညွှန်းစာဖြင့် အသိပေးတင်ပြထားရှိပါသည်။

၂။ တင်ပြထားသည့် ငြိမ်းချမ်းစွာစုဝေးခြင်း သို့မဟုတ် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်း သို့မဟုတ် ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းကို အကြောင်းအမျိုးမျိုးကြောင့် ဆောင်ရွက်လိုခြင်း မရှိတော့ပါသဖြင့် အသိပေးတင်ပြချက်အား ပြန်လည်ရုပ်သိမ်းကြောင်း တင်ပြအပ်ပါသည်။

တင်ပြသူ

ဦး/ဒေါ်--------------------------

နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်----------------------------

မှတ် ---------------------------

**အမိန့်ကြော်ငြာစာ (၁၀၇၁/၂၀၂၂)**

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ သန်လျင်မြို့နယ်၊ ကျောင်းကုန်းဆိပ်ကြီးကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည် (၆၇၃/ဆိပ်ကြီးအရှေ့ကွင်း၊ ၆၇၄/ဆိပ်ကြီးအနောက်ကွင်း)၊ ဦးပိုင်အမှတ် (၂၉၊ ၃၀၊ ၃၁၊ ၃၃၊ ၃၄၊ ၃၅၊ ၃၆)၊ (၂၄/၁၊ ၂၅၊ ၂၆၊ ၂၇၊ ၂၈၊ ၃၂/၄၊ ၃၄) တို့ရှိ မြေဧရိယာ ၁၀၉.၉၆ ဧကနှင့် ဦးပိုင်အမှတ် (၂၄/၁၊ ၂၄/၂၊ ၃၂/၁၊ ၃၂/၂၊ ၃၂/၃၊ ၃၃) တို့ရှိ မြေဧရိယာ ၂၅.၈၅ ဧက **စုစုပေါင်းမြေဧရိယာ ၁၃၅.၈၁ ဧက** အား **ကမ်းခြေစောင့်တပ်ဖွဲ့ကွပ်ကဲမှုဌာနချုပ်** မြေနေရာအဖြစ်အသုံးပြုရန်အတွက် မြေနှင့်အခွန် အမိန့်ဆင့်ဆိုချက် ၃၃၃ အရ **ကာကွယ်ရေးဝန်ကြီးဌာန** သို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှုတွဲပါ စစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **ကာကွယ်ရေးဝန်ကြီးဌာန** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပြည်ထဲရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**နယ်စပ်ရေးရာဝန်ကြီးဌာန**

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၆၆/၂၀၂၂)**

၁၃၈၄ ခုနှစ်၊ နတ်တော်လဆန်း ၃ ရက်

(၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၂၅ ရက်)

နယ်စပ်ရေးရာဝန်ကြီးဌာန၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ အင်ဂျင်နီယာဌာနမှ အင်ဂျင်နီယာမှူးကြီး ဦးခင်မောင်လတ် အား ယင်းဦးစီးဌာန၏ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ လစာနှုန်း (၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀) ရာထူးနေရာသို့ အလုပ်တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၆၇/၂၀၂၂)**

နယ်စပ်ရေးရာဝန်ကြီးဌာန၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ အင်ဂျင်နီယာဌာနမှ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဖော်လိုင်ဝင်း အား အင်ဂျင်နီယာမှူးကြီး၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ရာထူးနေရာသို့ အလုပ်တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်ပြီး ညွှန်ကြားရေးမှူး ရာထူးအနွယ်သို့ပြောင်းလဲ၍ ကချင်ပြည်နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးသို့ ပြောင်းရွှေ့တာဝန်ချထားလိုက်သည်။

ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
နယ်စပ်ရေးရာဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန**

**(ပြည်ထောင်စုဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၉၂/၂၀၂၂)**

နေပြည်တော်၊ ၁၃၈၄ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၃ ရက်
(၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၁၀ ရက်)

ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၊ စစ်ရာထူးခန့်ချုပ်ရုံး၏ ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၄ ရက်စွဲပါ စာအမှတ်၊ ၁၇ ရာထူး (၁၃-ထ/၂) ၂၀၂၂ ဖြင့် လွှဲပြောင်းပေးထားသော ကာကွယ်ရေးဝန်ကြီးဌာန၊ နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်မှ နည်းပြ (အုပ်ချုပ်ရေးရာနှင့် စီးပွားရေးရာဌာန)၊ ကြည်း ၃၀၃၆၆ ဗိုလ်မှူးကြီး တင်ကိုထက် အား စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ အကောက်ခွန်ဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော ဒုတိယညွှန်ကြားရေးမှူးချုပ်၊ လစာနှုန်း (၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀) ရာထူးနေရာသို့ တာဝန်ဝတ္တရားများ လက်ခံဆောင်ရွက်သည့်နေ့မှစ၍ ခန့်ထားလိုက်သည်။

ဝင်းရှိန်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

# ပြန်ကြားရေးဝန်ကြီးဌာန

## (ဝန်ကြီးရုံး)

၁၃၈၄ ခုနှစ်၊ နတ်တော်လဆန်း ၆ ရက်

(၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၂၈ ရက်)

အမှတ် ၁၅၅။ ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၂၅ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြန်ကြားရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၂၈/၂၀၂၂) ၏ သဘောတူညီချက်အရ ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ အောက်ဖော်ပြပါ အရာထမ်းများအား ယင်းတို့နှင့် ယှဉ်တွဲဖော်ပြပါ ရာထူးနေရာများသို့ ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၂၈ ရက်နေ့ နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်-

| စဉ် | အမည်၊ လက်ရှိရာထူး၊ လစာနှုန်း၊ ဌာနခွဲ | တိုးမြှင့်ခန့်ထားမည့် ရာထူး၊ လစာနှုန်း၊ ဌာနခွဲ |
|---|---|---|
| (၁) | ဦးခမ်လျန်ဆုမ်း<br>ဒုတိယညွှန်ကြားရေးမှူး<br>(၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀)<br>ချင်းပြည်နယ် | ညွှန်ကြားရေးမှူး<br>(၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀)<br>ချင်းပြည်နယ် |
| (၂) | ဒေါ်သင်းသင်းဇင်<br>ဒုတိယညွှန်ကြားရေးမှူး<br>(၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀)<br>ပြည်ထောင်စုနယ်မြေ၊ နေပြည်တော် | ညွှန်ကြားရေးမှူး<br>(၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀)<br>ပြည်ထောင်စုနယ်မြေ၊ နေပြည်တော် |
| (၃) | ဦးစိုးညွန့်ရွှေ<br>ဒုတိယညွှန်ကြားရေးမှူး<br>(၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀)<br>ရှမ်းပြည်နယ် | ညွှန်ကြားရေးမှူး<br>(၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀)<br>ရှမ်းပြည်နယ် |
| (၄) | ဒေါ်ယဉ်ဆွေဝင်း<br>ဒုတိယညွှန်ကြားရေးမှူး<br>(၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀)<br>ဧရာဝတီတိုင်းဒေသကြီး | ညွှန်ကြားရေးမှူး<br>(၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀)<br>ဧရာဝတီတိုင်းဒေသကြီး |

မောင်မောင်အုန်း

ပြည်ထောင်စုဝန်ကြီး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

ပြန်ကြားရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

**(ပြည်ထောင်စုဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၄၄၀/၂၀၂၂)**

နေပြည်တော်၊ ၁၃၈၄ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၁ ရက်

(၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၁၈ ရက်)

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ ဖွဲ့စည်းခြင်း**

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ လုပ်ငန်းတာဝန်များ၊ နှစ်အလိုက်သတ်မှတ်ထားသော စီမံကိန်းရည်မှန်းချက်တာဝန်များကို စနစ်တကျ ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန်၊ အုပ်ချုပ်မှုလုပ်ငန်း/ဌာနဆိုင်ရာလုပ်ငန်းများကို ဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းလုပ်ထုံးလုပ်နည်းများနှင့်အညီ ထိရောက်စွာ ကြီးကြပ်ဆောင်ရွက်နိုင်ရန် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အား အောက်ပါအတိုင်း ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | ပြည်ထောင်စုဝန်ကြီး<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ဒုတိယဝန်ကြီး<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | ညွှန်ကြားရေးမှူးချုပ်<br>စီမံကိန်းဦးစီးဌာန | အဖွဲ့ဝင် |
| (ဃ) | ညွှန်ကြားရေးမှူးချုပ်<br>စိုက်ပျိုးရေးဦးစီးဌာန | အဖွဲ့ဝင် |
| (င) | ညွှန်ကြားရေးမှူးချုပ်<br>ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန | အဖွဲ့ဝင် |
| (စ) | ညွှန်ကြားရေးမှူးချုပ်<br>လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန | အဖွဲ့ဝင် |
| (ဆ) | ညွှန်ကြားရေးမှူးချုပ်<br>စက်မှုလယ်ယာဦးစီးဌာန | အဖွဲ့ဝင် |
| (ဇ) | ညွှန်ကြားရေးမှူးချုပ်<br>စိုက်ပျိုးရေးသုတေသနဦးစီးဌာန | အဖွဲ့ဝင် |
| (ဈ) | ညွှန်ကြားရေးမှူးချုပ်<br>မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန | အဖွဲ့ဝင် |

| | | |
|---|---|---|
| (ည) | ညွှန်ကြားရေးမှူးချုပ်<br>ငါးလုပ်ငန်းဦးစီးဌာန | အဖွဲ့ဝင် |
| (ဋ) | ညွှန်ကြားရေးမှူးချုပ်<br>မွေးမြူရေးသုတေသနဦးစီးဌာန | အဖွဲ့ဝင် |
| (ဌ) | ပါမောက္ခချုပ်<br>ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် | အဖွဲ့ဝင် |
| (ဍ) | ပါမောက္ခချုပ်<br>မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ် | အဖွဲ့ဝင် |
| (ဎ) | အမြဲတမ်းအတွင်းဝန်<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | အတွင်းရေးမှူး |
| (ဏ) | ဒုတိယအမြဲတမ်းအတွင်းဝန် (Finance)<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | တွဲဖက်<br>အတွင်းရေးမှူး (၁) |
| (တ) | ဒုတိယအမြဲတမ်းအတွင်းဝန် (HR)<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | တွဲဖက်<br>အတွင်းရေးမှူး (၂) |

၂။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ လုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်မှု၊ ဝန်ထမ်းရေးရာကိစ္စရပ်များ၊ လူ့စွမ်းအားအရင်းအမြစ်စီမံခန့်ခွဲမှုများ၊ လုပ်ငန်းစွမ်းဆောင်ရည်တိုးတက်မြင့်မားရေးနှင့် ဌာနဆိုင်ရာလုပ်ငန်းများကို ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်းများ ညီညွတ်စွာ ဆောင်ရွက်နိုင်ရေးအတွက် အောက်ဖော်ပြပါအတိုင်း စိစစ်ကြီးကြပ်မှုများပြုလုပ်သွားရန် ဖြစ်ပါသည်-

(က) မိမိဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများ၊ အဖွဲ့အစည်းများ၏ လုပ်ငန်းဆောင်ရွက်ချက်များသည် ဥပဒေများ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးနှင့် ပြည်ထောင်စုအဆင့်ဝန်ကြီးဌာန/အဖွဲ့အစည်းများမှ ထုတ်ပြန်ထားသော စည်းမျဉ်းစည်းကမ်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ခြင်းရှိ မရှိ စိစစ်ကြပ်မတ်၍ လိုအပ်သည်များကို လမ်းညွှန်ရန်၊

(ခ) မိမိဝန်ကြီးဌာနအောက်ရှိ ဝန်ထမ်းအဖွဲ့အစည်းများ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို တိကျစွာ သတ်မှတ်ပေးရန်နှင့် နိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်းများနှင့် ဝန်ဆောင်မှုအဖွဲ့အစည်းများတွင် တာဝန်ခံဆောင်ရွက်ရသည့် ပုဂ္ဂိုလ်များအား လုပ်ငန်းအရတာဝန်ရှိမှု၊ တာဝန်ခံမှုတို့ကို စနစ်တကျသတ်မှတ်၍ တိကျသောလုပ်ပိုင်ခွင့်များ သတ်မှတ်ဆောင်ရွက်စေရန်၊

(ဂ) နိုင်ငံတော်၏စီမံကိန်းများအရ အကောင်အထည်ဖော်ရမည့် လုပ်ငန်းများနှင့် အခြားဌာနဆိုင်ရာလုပ်ငန်းများကို ထိရောက်အောင်မြင်စွာနှင့် လျင်မြန်သွက်လက်အကောင်အထည်ဖော်နိုင်ရေးအတွက် သက်ဆိုင်ရာလုပ်ငန်းအဖွဲ့အစည်းများကို လုပ်ငန်းသဘာဝနှင့်လျော်ညီစွာ စီမံခန့်ခွဲခြင်း၊ ပေါင်းစပ်ညှိနှိုင်းဆက်သွယ်ပေးခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်းများကို စနစ်တကျဆောင်ရွက်သွားရန်၊

(ဃ) ဝန်ကြီးဌာန၏ စီမံကိန်းလျာထားချက်များနှင့် ရသုံးမှန်းခြေငွေစာရင်းတွင် ထည့်သွင်းလျာထားရန် အဆိုပြုချက်များကို ကော်မတီသို့ဦးစွာတင်ပြစေ၍ အသေးစိတ်စိစစ်မှုနှင့် ဆန်းစစ်မှုများ ပြုလုပ်သွားရန်၊

( င ) အရအသုံးခန့်မှန်းခြေငွေစာရင်းခွင့်ပြုချက်များအရ အသုံးစရိတ်ကျခံရခြင်းများနှင့်ပတ်သက်၍ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများ၊ စည်းမျဉ်းစည်းကမ်းများနှင့်ညီညွတ်မှုရှိစေရေးအတွက် စိစစ်ကြပ်မတ်ရန်၊

( စ ) မိမိ၏ဝန်ကြီးဌာနအတွင်း ငွေကြေးသုံးစွဲမှုများကို အသေးစိတ်တိကျစွာစိစစ်၍ ဘဏ္ဍာရေးနှစ်အတွင်း လျာထားချက်ဘောင်အတွင်း ထိန်းချုပ်သုံးစွဲရေးအတွက် ကြပ်မတ်ဆောင်ရွက်ရန်၊

(ဆ) မိမိဝန်ကြီးဌာနအောက်ရှိ ဝန်ထမ်းအဖွဲ့အစည်းများ၏ ဖွဲ့စည်းပုံနှင့်ပတ်သက်သော ကိစ္စရပ်များ၊ အရာထမ်းများအား ရာထူးတိုးမြှင့်ခြင်းဆိုင်ရာကိစ္စရပ်များ၊ အပြစ်ပေးအရေးယူခြင်းဆိုင်ရာကိစ္စရပ်များကို ကော်မတီသို့ တင်ပြစေ၍ စနစ်တကျကြီးကြပ်ဆောင်ရွက်သွားရန်၊

( ဇ ) နိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ စီးပွားရေးလုပ်ငန်းများနှင့်ပတ်သက်၍ လုပ်ငန်းတစ်ခုနှင့် တစ်ခု ညီညွတ်စွာဆောင်ရွက်နိုင်ရေး၊ စီးပွားရေးလုပ်ငန်းတစ်ခုအတွင်း အပိုင်းတစ်ခုနှင့် တစ်ခု အကြား ညီညွတ်မှုရှိစေရေး၊ ကုန်ထုတ်လုပ်မှုမကျဆင်းစေရေး၊ စီးပွားရေးလုပ်ငန်းများကို စီးပွားရေး ဆန်ဆန် ထိရောက်စွာ စီမံခန့်ခွဲရေး၊ လုပ်ငန်းစွမ်းဆောင်ရည်ကျဆင်းမှု၊ လေလွင့်ဆုံးရှုံးမှုများကို ထိရောက်စွာ ထိန်းချုပ်ရေးတို့အတွက် ကော်မတီမှ လေ့လာသုံးသပ်၍ နည်းလမ်းများစွာရှာဖွေပြီး ပြုပြင်သင့်သည်များကို ပြုပြင်ဆောင်ရွက်သွားရန်၊

( ဈ ) နိုင်ငံခြားတိုင်းပြည်နှင့် ဆက်သွယ်ဆောင်ရွက်ရသော ကိစ္စရပ်များ၊ နိုင်ငံခြားငွေသုံးစွဲမှုနှင့် အကျုံးဝင်သော ကိစ္စရပ်များ၊ ပြည်တွင်း ပြည်ပပို့ကုန်/သွင်းကုန်နှင့်သက်ဆိုင်သောကိစ္စရပ်များ၊ တင်ဒါရွေးချယ်ရေး ကိစ္စရပ်များ၊ လေလံတင်ရောင်းချရေးကိစ္စရပ်များကို ကော်မတီသို့တင်ပြစေ၍ ကော်မတီက ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်း ညွှန်ကြားချက်နှင့်အညီ စိစစ်ကြပ်မတ်ရန်။

၃။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီသည် လုပ်ငန်းကိစ္စ များနှင့်ပတ်သက်၍ အဆုံးအဖြတ်ပေးရန် လိုအပ်ချက်အပေါ်မူတည်ပြီး အစည်းအဝေးများကို လစဉ်လိုအပ်သလို ခေါ်ယူကျင်းပနိုင်သည်။

၄။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၏ ၂၀၂၂ ခုနှစ်၊ မတ်လ ၂၄ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁၄၅/၂၀၂၂) အား ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုး ပယ်ဖျက်လိုက်သည်။

**(ပြည်ထောင်စုဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၄၅၃/၂၀၂၂)**

နေပြည်တော်၊ ၁၃၈၄ ခုနှစ်၊ နတ်တော်လဆန်း ၂ ရက်

(၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၂၄ ရက်)

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၁၇ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၂၁၂/၂၀၂၂) အရ ၂၀၁၁ ခုနှစ်မှ ၂၀၂၁ ခုနှစ်ကာလအတွင်း

နိုင်ငံတော်တာဝန်များကိုထမ်းဆောင်ခဲ့သော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ အောက်ဖော်ပြပါ ပုဂ္ဂိုလ်များအား ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များကို ချီးမြှင့်အပ်နှင်းလိုက်သည်-

**စွမ်းဆောင်မှုဆိုင်ရာဂုဏ်ထူးဆောင်တံဆိပ်များ**

**သီရိပျံချီဘွဲ့**

| | | | |
|---|---|---|---|
| (က) | ဒေါက်တာ အောင်သူ | ပြည်ထောင်စုဝန်ကြီး | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန |

**ဝဏ္ဏကျော်ထင်ဘွဲ့**

| | | | |
|---|---|---|---|
| (က) | ဦးခင်ဇော် | ဒုတိယဝန်ကြီး | လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန |
| (ခ) | ဦးအုန်းသန်း | ဒုတိယဝန်ကြီး | လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန |
| (ဂ) | ဒေါက်တာ အောင်မြတ်ဦး | ဒုတိယဝန်ကြီး | မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး ဝန်ကြီးဌာန |
| (ဃ) | ဦးခင်မောင်အေး | ဒုတိယဝန်ကြီး | မွေးမြူရေးနှင့် ရေလုပ်ငန်း ဝန်ကြီးဌာန |
| (င) | ဦးလှကျော် | ဒုတိယဝန်ကြီး | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန |

၂။ ဤအမိန့်သည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၏ ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၁၇ ရက်စွဲပါ စာအမှတ်၊ ၁၀၅ (၂)/၈/ ကောင်စီရုံးအရ ထုတ်ပြန်ခြင်းဖြစ်ပါသည်။

## (ပြည်ထောင်စုဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၄၅၄/၂၀၂၂)

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၁၇ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၂၁၁/၂၀၂၂) အရ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ အောက်ဖော်ပြပါ ပုဂ္ဂိုလ်များအား ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များကို ချီးမြှင့်အပ်နှင်းလိုက်သည်-

**စွမ်းဆောင်မှုဆိုင်ရာဂုဏ်ထူးဆောင်တံဆိပ်များ**

**သီရိပျံချီဘွဲ့**

| | | | |
|---|---|---|---|
| (က) | ဦးတင်ထွဋ်ဦး | ပြည်ထောင်စုဝန်ကြီး (ငြိမ်း) | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန |

**ဝဏ္ဏကျော်ထင်ဘွဲ့**

| | | | |
|---|---|---|---|
| (က) | ဦးဝင်းမော် | ညွှန်ကြားရေးမှူးချုပ် (ငြိမ်း) | စက်မှုလယ်ယာဦးစီးဌာန |

**ရဲဗလတံဆိပ်**

| | | | |
|---|---|---|---|
| (က) | ဒေါက်တာ မြင့်ဝင်း | ဒုတိယညွှန်ကြားရေးမှူး | မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန |
| ( ခ ) | ဦးတိုးဝင်း | လက်ထောက်ဦးစီးမှူး | လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန |
| ( ဂ ) | ဦးစိုးနိုင် | ယန္တရားမောင်း-၃ | ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန (ရေအရင်းအမြစ်) |
| (ဃ) | ဦးခိုင်ထွန်းကျော် | မြေတိုင်း-၄ | လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန |

**စီမံထူးချွန်တံဆိပ် (ပထမဆင့်)**

| | | | |
|---|---|---|---|
| (က) | ဦးပုလဲမောင် | ဒုတိယညွှန်ကြားရေးမှူးချုပ် (ငြိမ်း) | စက်မှုလယ်ယာဦးစီးဌာန |
| ( ခ ) | ဦးဝင်းမောင် (၂) | ညွှန်ကြားရေးမှူး (ငြိမ်း) | စက်မှုလယ်ယာဦးစီးဌာန |

**လယ်ယာစီးပွားထူးချွန်တံဆိပ် (ပထမဆင့်)**

| | | | |
|---|---|---|---|
| (က) | ဒေါက်တာ သိန်းလွင် | ညွှန်ကြားရေးမှူးချုပ် (ငြိမ်း) | စိုက်ပျိုးရေးသုတေသနဦးစီးဌာန |
| ( ခ ) | ဦးခင်စိုး | ဒုတိယညွှန်ကြားရေးမှူးချုပ် (ငြိမ်း) | စိုက်ပျိုးရေးသုတေသနဦးစီးဌာန |
| ( ဂ ) | ဒေါက်တာ သန့်လွင်ဦး | ဒုတိယညွှန်ကြားရေးမှူးချုပ် (ငြိမ်း) | စိုက်ပျိုးရေးသုတေသနဦးစီးဌာန |
| (ဃ) | ဒေါက်တာ စုစုဝင်း | ဒုတိယညွှန်ကြားရေးမှူးချုပ် (ငြိမ်း) | စိုက်ပျိုးရေးသုတေသနဦးစီးဌာန |
| ( င ) | ဦးမောင်မောင်သိန်း | ညွှန်ကြားရေးမှူး (ငြိမ်း) | စိုက်ပျိုးရေးသုတေသနဦးစီးဌာန |
| ( စ ) | ဦးအောင်မြင့်ထွန်း | ညွှန်ကြားရေးမှူး (ငြိမ်း) | စိုက်ပျိုးရေးသုတေသနဦးစီးဌာန |
| (ဆ) | ဒေါ်သန်းသန်းစိုး | ညွှန်ကြားရေးမှူး (ငြိမ်း) | စိုက်ပျိုးရေးသုတေသနဦးစီးဌာန |
| ( ဇ ) | ဒေါက်တာ မောင်မောင်တာ | ညွှန်ကြားရေးမှူး (ငြိမ်း) | စိုက်ပျိုးရေးသုတေသနဦးစီးဌာန |
| (ဈ) | ဒေါ်မြင့်မြင့်စန်း | သုတေသနမှူး (ငြိမ်း) | စိုက်ပျိုးရေးသုတေသနဦးစီးဌာန |
| (ည) | ဦးသန်းဆွေ | လက်ထောက်ညွှန်ကြားရေးမှူး (ငြိမ်း) | စက်မှုလယ်ယာဦးစီးဌာန |
| ( ဋ ) | ဦးစောမူးလို | ဒုတိယဦးစီးမှူး (ငြိမ်း) | စက်မှုလယ်ယာဦးစီးဌာန |

**စက်မှုစီးပွားထူးချွန်တံဆိပ် (ပထမဆင့်)**

| | | | |
|---|---|---|---|
| (က) | ဦးစိုးလှိုင် | ညွှန်ကြားရေးမှူးချုပ် (ငြိမ်း) | စက်မှုလယ်ယာဦးစီးဌာန |
| ( ခ ) | ဦးယူးကြည် | ဒုတိယညွှန်ကြားရေးမှူးချုပ် (ငြိမ်း) | စက်မှုလယ်ယာဦးစီးဌာန |
| ( ဂ ) | ဦးဟန်အေး | ဦးစီးအရာရှိ (ငြိမ်း) | စက်မှုလယ်ယာဦးစီးဌာန |
| (ဃ) | ဦးလှမြင့် | ဦးစီးအရာရှိ (ငြိမ်း) | စက်မှုလယ်ယာဦးစီးဌာန |
| ( င ) | ဦးကြည်ဝင်း | ဦးစီးအရာရှိ (ငြိမ်း) | စက်မှုလယ်ယာဦးစီးဌာန |

**ဝန်ဆောင်စီးပွားထူးချွန်တံဆိပ် (တတိယဆင့်)**

| | | | |
|---|---|---|---|
| (က) | ဦးမြင့်ခိုင် | လက်ထောက်ညွှန်ကြားရေးမှူး | ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန (ဆည်/မြောင်း) |

၂။ ဤအမိန့်သည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၏ ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၁၇ ရက်စွဲပါ စာအမှတ်၊ ၁၀၅ (၁)/၈/ ကောင်စီရုံးအရ ထုတ်ပြန်ခြင်းဖြစ်ပါသည်။

လှမိုး
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၂၅/၂၀၂၂)

၁၃၈၄ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၉ ရက်

(၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၁၆ ရက်)

၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၄ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးမှတ်တမ်းအမှတ်စဉ် (၁၃/၂၀၂၂) ဆုံးဖြတ်ချက်အရ ၂၀၂၁-၂၀၂၂ ခု (၆) လ ဘဏ္ဍာရေးနှစ်၊ ငွေလုံးငွေရင်း ခွင့်ပြုရန်ပုံငွေဖြင့် ကချင်ပြည်နယ်မီးသတ်ဦးစီးဌာနမှ အများပြည်သူများ၏ အကျိုးစီးပွားနှင့် အသက်ဘေးအန္တရာယ်များကို ကာကွယ်စောင့်ရှောက်ရန်ရည်ရွယ်ပြီး ပြည်သူ့အကျိုးပြုလုပ်ငန်းများတွင် အသုံးပြုနိုင်ရေးအတွက် K Future General Trading Co.,Ltd မှ တင်ဒါအောင်မြင်၍ ပြည်ပမှ ဝယ်ယူတင်သွင်းခဲ့သည့် အမျိုးအမည် JINBEI JKC5026၊ အမျိုးအစား Ambulance (4x2) L, 2022 Model,3S-2691 သူနာတင်ယာဉ် (၁) စီးကို ပြည်ပတင်သွင်းယာဉ်မှတ်ပုံတင်ခကင်းလွတ်ခွင့်ပြုပါရန်

လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ တင်သွင်းယာဉ်သည် သူနာတင်ယာဉ်ဖြစ်ခြင်း၊ ဌာနမှ ထုတ်ပြန်ထားသော မော်တော်ယာဉ် ဥပဒေ၊ နည်းဥပဒေ၊ ရုံးအမိန့်၊ ညွှန်ကြားချက်များအရ ပြည်ပတင်သွင်းယာဉ်မှတ်ပုံတင်ခ၊ ကနဦးမှတ်ပုံတင်ခနှင့် ယာဉ်ထုတ်ရက်လွန်ဒဏ်ကြေးတို့ကို ကင်းလွတ်ခွင့်ပြုနိုင်ခြင်းတို့ကြောင့် ၂၀၂၀ ပြည့်နှစ်၊ ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် မော်တော်ယာဉ်စီမံခန့်ခွဲမှုဥပဒေပုဒ်မ ၁၂ အရ ဖောင်းကြွနံပါတ်ပြားခမှအပ ယာဉ်မှတ်ပုံတင်လုပ်ငန်းနှင့်ပတ်သက်သည့် အခငွေများကို ကင်းလွတ်ခွင့်ပြုလိုက်သည်။

**(ဝန်ကြီးရုံး)**
**အမိန့်ကြော်ငြာစာအမှတ် (၂၆/၂၀၂၂)**

၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၄ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးမှတ်တမ်းအမှတ်စဉ် (၁၃/၂၀၂၂) ဆုံးဖြတ်ချက်အရ အောက်ဖော်ပြပါ မီးငြိမ်းသတ်ယာဉ် (၆) စီး၊ မီးသတ်ရေသယ်ယာဉ် (၁) စီးနှင့် ရှာဖွေကယ်ဆယ်ရေးယာဉ် (၁) စီး စုစုပေါင်းယာဉ် (၈) စီးကို ပြည်ပတင်သွင်းယာဉ်မှတ်ပုံတင်ခကင်းလွတ်ခွင့်ပြုပါရန် လျှောက်ထားလာခြင်းနှင့်စပ်လျဉ်း၍ အဆိုပါယာဉ်များသည် ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေဖြင့် ဝယ်ယူထားသော ယာဉ်များဖြစ်ခြင်း၊ တင်သွင်းယာဉ်များသည် မီးသတ်ယာဉ်များဖြစ်ခြင်း၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှ ကုန်သွယ်လုပ်ငန်းခွန်နှင့် အကောက်ခွန်ကင်းလွတ်ခွင့်ပြုထားခြင်း၊ ဌာနမှ ထုတ်ပြန်ထားသော မော်တော်ယာဉ်ဥပဒေ၊ နည်းဥပဒေ၊ ရုံးအမိန့်၊ ညွှန်ကြားချက်များအရ ပြည်ပတင်သွင်းယာဉ်မှတ်ပုံတင်ခ၊ ကနဦးမှတ်ပုံတင်ခနှင့် ယာဉ်ထုတ်ရက်လွန်ဒဏ်ကြေးတို့ကို ကင်းလွတ်ခွင့်ပြုနိုင်ခြင်းတို့ကြောင့် ၂၀၂၀ ပြည့်နှစ်၊ ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် မော်တော်ယာဉ်စီမံခန့်ခွဲမှုဥပဒေပုဒ်မ ၁၂ အရ ဖောင်းကြွနံပါတ်ပြားခမှအပ ယာဉ်မှတ်ပုံတင်လုပ်ငန်းနှင့်ပတ်သက်သည့် အခငွေများကို ကင်းလွတ်ခွင့်ပြုလိုက်သည်-

(က) ကချင်ပြည်နယ်မီးသတ်ဦးစီးဌာန၏ ၂၀၂၁-၂၀၂၂ ခု (၆) လ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေဖြင့် ကချင်ပြည်နယ်မီးသတ်ဦးစီးဌာနမှ အများပြည်သူများ၏ အကျိုးစီးပွားနှင့် အသက်ဘေးအန္တရာယ်များကို ကာကွယ်စောင့်ရှောက်ရန်ရည်ရွယ်ပြီး မီးငြိမ်းသတ်ရေးလုပ်ငန်းများ၊ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများနှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများတွင် အသုံးပြုနိုင်ရေးအတွက် K Future General Trading Co.,Ltd မှ တင်ဒါအောင်မြင်၍ ပြည်ပမှ ဝယ်ယူတင်သွင်းခဲ့သည့် အမျိုးအမည် Dong Feng EQ 1090, အမျိုးအစား Fire Fighting Truck (4x2) L Cab Over 4 Door, 2020 Model, 3S–1658, 3S–1683, 3S–1684, 3S–1669 မီးငြိမ်းသတ်ယာဉ် (၄) စီး၊

(ခ) ကချင်ပြည်နယ်မီးသတ်ဦးစီးဌာန၏ ၂၀၂၁-၂၀၂၂ ခု (၆) လ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေဖြင့် ကချင်ပြည်နယ်မီးသတ်ဦးစီးဌာနမှ အများပြည်သူများ၏ အကျိုးစီးပွားနှင့် အသက်ဘေးအန္တရာယ်များကို ကာကွယ်စောင့်ရှောက်ရန်ရည်ရွယ်ပြီး မီးငြိမ်းသတ်ရေးလုပ်ငန်းများ၊ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများနှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများတွင် အသုံးပြုနိုင်ရေးအတွက် K Future Fire Safety & Security Co.,Ltd မှ တင်ဒါအောင်မြင်၍ ပြည်ပမှ ဝယ်ယူတင်သွင်းခဲ့သည့် အမျိုးအမည် Dong Feng EQ 1258, အမျိုးအစား Fire Fighting Water Truck (6x4) L, 2021 Model, 3S–2732 မီးသတ်ရေသယ်ယာဉ် (၁) စီး၊

(ဂ) ကယားပြည်နယ်အစိုးရအဖွဲ့၏ ၂၀၂၁-၂၀၂၂ ခု ဘဏ္ဍာရေးနှစ်၊ ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေဖြင့် ကယားပြည်နယ်မီးသတ်စခန်းတွင် အသုံးပြုရန်အတွက် ဩဇာအောင်ကုမ္ပဏီလီမိတက်မှ တင်ဒါအောင်မြင်၍ ပြည်ပမှ ဝယ်ယူတင်သွင်းခဲ့သည့် အမျိုးအမည် Isuzu QL10703 HWRY, အမျိုးအစား Fire Fighting Truck (4x2) L (Double Cab), 2021 Model, 2S–7748, 3S–2307 မီးငြိမ်းသတ်ယာဉ် (၂) စီးနှင့် အမျိုးအမည် Isuzu QL1080 AHKAY, အမျိုးအစား Fire Fighting Rescue Truck (4x2)L (Double Cab), 2021 Model, 3S–3851 ရှာဖွေကယ်ဆယ်ရေးယာဉ် (၁) စီး စုစုပေါင်း (၃) စီး။

ဗိုလ်ချုပ်ကြီး တင်အောင်စန်း
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**

**အမိန့်ကြော်ငြာစာအမှတ် (၆၁/၂၀၂၂)**

၁၃၈၄ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၄ ရက်

(၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၁၁ ရက်)

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် ပို့ကုန်သွင်းကုန်ဥပဒေပုဒ်မ ၁၃၊ ပုဒ်မခွဲ (ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

**မော်တော်ဆိုင်ကယ်အရောင်းပြခန်း (Show Room) တွင် ရောင်းချရန် မော်တော်ဆိုင်ကယ် တင်သွင်းရာ၌ လိုက်နာရမည့်စည်းကမ်းချက်များထုတ်ပြန်ခြင်း**

၁။ မော်တော်ဆိုင်ကယ်အရောင်းပြခန်း (Show Room) တွင် ရောင်းချရန် မော်တော်ဆိုင်ကယ် တင်သွင်းရာ၌ အောက်ဖော်ပြပါ စည်းကမ်းချက်များအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(က) မော်တော်ဆိုင်ကယ်အရောင်းပြခန်းဖွင့်လှစ်ရန် မြန်မာနိုင်ငံသားမှဖြစ်စေ၊ မြန်မာနိုင်ငံသားနှင့် နိုင်ငံခြားသားဖက်စပ်ဆောင်ရွက်ခြင်းဖြင့်ဖြစ်စေ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်ထားသည့် ကုမ္ပဏီဖြစ်ရမည်။

(ခ) တစ်ဖက်နိုင်ငံရှိ ပင်ရင်းကုမ္ပဏီမှဖြစ်စေ၊ ဒေသဆိုင်ရာရုံး (Regional Office) မှဖြစ်စေ၊ မော်တော်ဆိုင်ကယ် အသစ်များ ဖြန့်ဖြူးရောင်းချရေးကိုယ်စားလှယ် (Distributorship) သို့မဟုတ် အရောင်းကိုယ်စားလှယ် (Dealership) အဖြစ် တရားဝင်ခန့်အပ်ခြင်းခံရသည့် ကုမ္ပဏီဖြစ်ရမည်။

(ဂ) လျှပ်စစ်ဆိုင်ကယ်တင်သွင်းမှုများ၌ တပ်ဆင်အသုံးပြုသည့် ဘက်ထရီ (Battery) များအပါအဝင် အရည်အသွေးပိုင်းဆိုင်ရာ အာမခံမှု၊ ရောင်းချပြီးနောက်ပိုင်း ဝန်ဆောင်မှုများ (After Sale Service) ပေးခြင်း၊ အပိုပစ္စည်းများ (Spare Parts) ပံ့ပိုးပေးခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်းနှင့် ဝန်ဆောင်မှု စင်တာ (Maintenance & Services Center) များဖွင့်လှစ်ခြင်းတို့ကိုဆောင်ရွက်နိုင်သည့် ကုမ္ပဏီ ဖြစ်ရမည်။

(ဃ) မော်တော်ဆိုင်ကယ်အရောင်းပြခန်းဖွင့်လှစ်ဆောင်ရွက်မည့် ကုမ္ပဏီသည် မြန်မာနိုင်ငံတော် ဗဟိုဘဏ်က အသိအမှတ်ပြုထားသည့်ဘဏ်တွင် မြန်မာငွေ ကျပ်သိန်း ၅၀၀ ပေးသွင်းနိုင်ကြောင်း ဘဏ်အာမခံချက် (Bank Guarantee) တင်ပြရမည်။

(င) မော်တော်ဆိုင်ကယ်အရောင်းပြခန်းဖွင့်လှစ်ဆောင်ရွက်မည့် ကုမ္ပဏီများသည် ပြည်တွင်းအခွန်များ ဦးစီးဌာနမှ သက်ဆိုင်ရာဘဏ္ဍာနှစ်အတွက် လုပ်ငန်းအမျိုးအစားအလိုက် ထုတ်ပေးထားသည့် အခွန်ပေးဆောင်ပြီးကြောင်း ထောက်ခံချက်ပုံစံ တင်ပြရမည်။

(စ) အရောင်းပြခန်းဖွင့်လှစ်မည့်နေရာကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက အခါ အားလျော်စွာ ထုတ်ပြန်သော စံနှုန်းသတ်မှတ်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

(ဆ) မော်တော်ဆိုင်ကယ်အရောင်းပြခန်း [ရုံးခန်း၊ ဧည့်နားနေခန်းနှင့် ရောင်းချပြီးနောက်ပိုင်း ဝန်ဆောင်မှု စင်တာ (After Sale Service Center) အပါအဝင်] ၏ အကျယ်အဝန်းသည် အနည်းဆုံး စတုရန်းပေ ၅၀၀၀ ရှိရမည်။

(ဇ) သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့နှင့် သက်ဆိုင်ရာစည်ပင်သာယာရေးအဖွဲ့ များထံမှ လုပ်ငန်းလုပ်ကိုင်ခွင့်ရရှိရန် လုပ်ထုံးလုပ်နည်းများနှင့်အညီ လျှောက်ထားရမည်။ ယင်းသို့ လျှောက်ထားစဉ်ကာလအတွင်း သက်ဆိုင်ရာမြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ မော်တော်ဆိုင်ကယ် အရောင်းပြခန်းဖွင့်လှစ်ခြင်းသည် မှန်ကန်ကြောင်းထောက်ခံချက်ဖြင့် ခြောက်လ ယာယီခွင့်ပြုနိုင်သည်။

(ဈ) မော်တော်ဆိုင်ကယ်အရောင်းပြခန်းရုံးခွဲများအား သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ဖွင့်လှစ်နိုင်ပြီး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်စည်ပင်သာယာရေးအဖွဲ့၏ လုပ်ငန်းလုပ်ကိုင်ခွင့် ရယူရမည်။

(ည) မော်တော်ဆိုင်ကယ်အရောင်းပြခန်းတွင် ရောင်းချရန်တင်သွင်းလာသည့် မော်တော်ဆိုင်ကယ်များသည် အသုံးမပြုရသေးသောအသစ် (Brand New) ဖြစ်ရမည်။

(ဋ) တင်သွင်းလာမည့် မော်တော်ဆိုင်ကယ်များ၏ ထုတ်လုပ်သည့်ခုနှစ် (Model Year) သည် ရောက်ရှိသည့် ခုနှစ်မှ နှစ်နှစ်အတွင်း ထုတ်လုပ်ထားသည့် မော်တော်ဆိုင်ကယ်များဖြစ်ရမည်။

(ဌ) မော်တော်ဆိုင်ကယ်အရောင်းပြခန်းတွင် ပြသရောင်းချမည့် မော်တော်ဆိုင်ကယ်များကို တင်သွင်းရာတွင် ငွေလွှဲစာတမ်းဖြင့်ပေးချေသည့်စနစ် (Letter of Credit – LC) သို့မဟုတ် ကြေးနန်းငွေလွှဲပို့နည်းစနစ် (Telegraphic Transfer – TT) ဖြင့် တင်သွင်းနိုင်သည်။

(ဥ) မော်တော်ဆိုင်ကယ်များကိုတင်သွင်းရာတွင် တင်သွင်းခွင့်ပြုသည့် လိုင်စင်သက်တမ်းကာလအတွင်း ဆိပ်ကမ်း သို့မဟုတ် သက်ဆိုင်ရာနယ်စပ်ကုန်သွယ်ရေးစခန်းအရောက် တင်သွင်းရမည်။

(ဗ) မော်တော်ဆိုင်ကယ်အရောင်းပြခန်းများတွင် ရောင်းချရန်အတွက်တင်သွင်းလိုသည့် မော်တော်ဆိုင်ကယ် အရေအတွက်နှင့်စပ်လျဉ်း၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက လိုအပ်ချက်နှင့်အညီ ထုတ်ပြန်သတ်မှတ်သည့် အရေအတွက်နှင့် အမျိုးအစားများအတိုင်းသာ တင်သွင်းရမည်။

(ဏ) တင်သွင်းလာသော မော်တော်ဆိုင်ကယ်များကို သတ်မှတ်ထားသော အရောင်းပြခန်းတွင်သာ ထားရှိရမည်။ ယင်းအရောင်းပြခန်းမှအပ အခြားနေရာများတွင် ပြသရောင်းချခြင်းကို ဆောင်ရွက်လို ပါက စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသို့ ကြိုတင်ခွင့်ပြုချက် တောင်းခံဆောင်ရွက် ရမည်။

(တ) မော်တော်ဆိုင်ကယ်အရောင်းပြခန်းဖွင့်လှစ်ခွင့်ရရှိသည့်ကုမ္ပဏီသည် ခွင့်ပြုထားသော မော်တော် ဆိုင်ကယ် တင်သွင်းခွင့်လိုင်စင်ကို အခြားသူတစ်ဦးသို့ လွှဲပြောင်းရောင်းချခြင်းမပြုရ။

(ထ) မော်တော်ဆိုင်ကယ်အရောင်းပြခန်းတွင် ရောင်းချရန်တင်သွင်းခဲ့သည့် မော်တော်ဆိုင်ကယ်များနှင့် စပ်လျဉ်းသည့် စာရွက်စာတမ်း၊ စာရင်းဇယားအထောက်အထားစသည်တို့ကို စီးပွားရေးနှင့် ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာနကဖြစ်စေ၊ ဝန်ကြီးဌာနက တာဝန်ပေးအပ်ထားသော အဖွဲ့အစည်းကဖြစ်စေ အခါအားလျော်စွာ ဝင်ရောက်စစ်ဆေးခြင်းကို သက်ဆိုင်ရာလုပ်ငန်းရှင်မှ ခွင့်ပြုရမည်။

(ဒ) အရောင်းပြခန်းလက်မှတ်၊ စီးပွားရေးအကျိုးဆောင်မှတ်ပုံတင်လက်မှတ်တို့ကို သက်တမ်းမကုန်မီ ၉၀ ရက်ကြိုတင်၍ သက်တမ်းတိုးမြှင့်ပေးရန် လျှောက်ထားနိုင်ပြီး ထိုသို့လျှောက်ထားရာတွင် ပြည်တွင်းအခွန်များဦးစီးဌာနကထုတ်ပေးသည့် အခွန်ပေးဆောင်ပြီးကြောင်း အထောက်အထား ပါရှိရမည်။

၂။ အပိုဒ် ၁ ပါ စည်းကမ်းချက်များအား လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေနှင့်အညီ အရေးယူဆောင်ရွက် သွားမည်။

## အမိန့်ကြော်ငြာစာအမှတ် (၆၂/၂၀၂၂)

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် ပို့ကုန်သွင်းကုန်ဥပဒေပုဒ်မ ၁၃၊ ပုဒ်မခွဲ (ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

## အစပျိုးစမ်းသပ်ကာလ (Pilot Project) အတွင်း ပြည်ပမှ လျှပ်စစ်သုံးယာဉ်တင်သွင်းခြင်းဆိုင်ရာ လိုက်နာရမည့်စည်းကမ်းချက်များ သတ်မှတ်သည့်အမိန့်ကြော်ငြာစာ

၁။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် လျှပ်စစ်သုံးယာဉ်နှင့်ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုနိုင်ရန် အစပျိုးစမ်းသပ်ကာလ (Pilot Project) အတွင်း ပြည်ပမှ

လျှပ်စစ်သုံးယာဉ်များတင်သွင်းခြင်းအတွက် လိုက်နာရမည့်စည်းကမ်းချက်များကို အောက်ပါအတိုင်း သတ်မှတ်လိုက်သည်-

(က) လျှပ်စစ်သုံးယာဉ်တင်သွင်းမည့် ကုမ္ပဏီသည် အရောင်းပြခန်းဖွင့်လှစ်ခွင့်လက်မှတ်ရရှိထားခြင်း မရှိသေးပါက အောက်ပါအချက်များနှင့်ကိုက်ညီရမည်-

(၁) မြန်မာနိုင်ငံသားကဖြစ်စေ၊ မြန်မာနိုင်ငံသားနှင့် နိုင်ငံခြားသားဖက်စပ်ဆောင်ရွက်ခြင်းဖြင့်ဖြစ်စေ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်ထားသည့် ကုမ္ပဏီဖြစ်ရမည်။

(၂) တင်သွင်းမည့် လျှပ်စစ်သုံးယာဉ်၏ အမှတ်တံဆိပ် (Brand) တစ်ခုစီအတွက် ရောင်းချသည့် ကုမ္ပဏီနှင့် ချုပ်ဆိုထားသည့် အရောင်းအဝယ်သဘောတူစာချုပ် တင်ပြနိုင်သူဖြစ်ရမည်။

(၃) အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့်ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးဆောင် ကော်မတီ၏ ခွင့်ပြုချက်ရရှိပြီးဖြစ်ရမည်။

( ခ ) အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့်ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးဆောင်ကော်မတီ၏ သတ်မှတ်ထားသည့် စံချိန်စံညွှန်းနှင့် ခွင့်ပြုထားသည့် အစီးအရေအတွက်အတိုင်းသာ တင်သွင်းရမည်။

( ဂ ) တင်သွင်းမည့် လျှပ်စစ်သုံးယာဉ်များအတွက် လိုအပ်သည့် အာမခံမှု၊ အပိုပစ္စည်းများ (Spare Parts) ရရှိနိုင်မှုနှင့် သုံးစွဲပြီးနောက်ပိုင်း ပြင်ဆင်မှုများကိုဆောင်ရွက်နိုင်သည့် အစီအမံထားရှိရမည်။

(ဃ) လျှပ်စစ်သုံးယာဉ်တင်သွင်းရောင်းချမည့် ကုမ္ပဏီသည် မြန်မာနိုင်ငံတော်ဗဟိုဘဏ်က အသိအမှတ်ပြု သည့်ဘဏ်တွင် မြန်မာငွေ ကျပ်သိန်း ၅၀၀ ပေးသွင်းနိုင်ကြောင်း ဘဏ်အာမခံချက် (Bank Guarantee) တင်ပြရမည်။

( င ) လျှပ်စစ်သုံးယာဉ်တင်သွင်းရောင်းချခွင့်ရသည့် ကုမ္ပဏီသည် တင်သွင်းလာသော ယာဉ်များအား ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်ရန်အတွက် စီးပွားရေးနှင့် ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာနတွင် ဝယ်ယူခွင့်ပါမစ်လျှောက်ထားရမည်။

၂။ ဤအမိန့်ကြော်ငြာစာပါ လျှပ်စစ်သုံးယာဉ်ဟူသောစကားရပ်တွင် လျှပ်စစ်သုံးလူစီးယာဉ်နှင့် ခရီးသည် တင်ယာဉ်တို့အကျုံးဝင်ပြီး BEV (Battery Electric Vehicle) ယာဉ်များသာ ဖြစ်ရမည်။

၃။ ဤအမိန့်ကြော်ငြာစာသည် ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့မှ ဒီဇင်ဘာလ ၃၁ ရက်နေ့အထိ အကျိုးသက်ရောက်စေရမည်။

၄။ ဤအမိန့်ကြော်ငြာစာပါ သတ်မှတ်ချက်များအား လိုအပ်ပါက ပြင်ဆင်ဆောင်ရွက်သွားမည်။

အောင်နိုင်ဦး
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ပညာရေးဝန်ကြီးဌာန

### (ဝန်ကြီးရုံး)

### အမိန့်ကြော်ငြာစာအမှတ် (၃၃၄/၂၀၂၂)

၁၃၈၄ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၅ ရက်

(၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၂၂ ရက်)

လေ့လာဆန်းစစ်အကဲဖြတ်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ဒေါ်လီလီအောင် အား အခြေခံပညာဦးစီးဌာန၊ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ပြည်နယ်ပညာရေးမှူးရုံးမှ ညွှန်ကြားရေးမှူးရာထူးကိုရယူ၍ အခြေခံပညာဦးစီးဌာန (ရုံးချုပ်) တွင် ညွှန်ကြားရေးမှူး (ကွန်ပျူတာ၊ မှတ်တမ်း) အဖြစ် ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၁ ရက်နေ့မှစ၍ လစာနှုန်းတူ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

ဤဝန်ကြီးရုံး၏ ၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ ၂၈ ရက်စွဲပါ စာအမှတ်၊ အုပ်ချုပ်မှု (ပြောင်းရွှေ့)/၂၀၂၂ (၉၈၆၆) အား ဤစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

### (ဝန်ကြီးရုံး)

### အမိန့်ကြော်ငြာစာအမှတ် (၃၃၇/၂၀၂၂)

၁၃၈၄ ခုနှစ်၊ နတ်တော်လဆန်း ၃ ရက်

(၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၂၅ ရက်)

ပညာရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး၏ ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ ၂၇ ရက်စွဲပါ စာအမှတ်၊ အုပ်ချုပ်မှု (ဒု-ပါချုပ်ပြောင်း)/၂၀၂၂ (၈၇၇၆) အရ မန္တလေးအဝေးသင်တက္ကသိုလ်မှ ရာထူးကိုရယူ၍ ရတနာပုံတက္ကသိုလ်သို့ ဒုတိယပါမောက္ခချုပ်အဖြစ် လစာနှုန်းတူ ပြောင်းရွှေ့ခန့်ထားခဲ့သော ဒေါက်တာ သွယ်လင်းကို သည် ၎င်း၏ တာဝန်ဝတ္တရားများကို ၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့ နံနက်ပိုင်းတွင် စတင်ထမ်းဆောင်သည်။

### (ဝန်ကြီးရုံး)

### အမိန့်ကြော်ငြာစာအမှတ် (၃၃၈/၂၀၂၂)

ပညာရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး၏ ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ ၂၇ ရက်စွဲပါ စာအမှတ်၊ အုပ်ချုပ်မှု (ဒု-ပါချုပ်ပြောင်း)/၂၀၂၂ (၈၇၇၈) အရ ပြည်တက္ကသိုလ်သို့ ဒုတိယပါမောက္ခချုပ်အဖြစ် လစာနှုန်းတူ ပြောင်းရွှေ့ခန့်ထားခဲ့သော ဒေါက်တာ သက်သက်ထွန်း သည် ၎င်း၏ တာဝန်ဝတ္တရားများကို ၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ ၁၁ ရက်နေ့ နံနက်ပိုင်းတွင် စတင်ထမ်းဆောင်သည်။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၃၃၉/၂၀၂၂)**

ပညာရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး၏ ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ ၂၈ ရက်စွဲပါ စာအမှတ်၊ အုပ်ချုပ်မှု (ဒု-ချုပ်တိုး)/၂၀၂၂ (၈၈၄၈) အရ မြိတ်တက္ကသိုလ်သို့ ဒုတိယပါမောက္ခချုပ်အဖြစ် ရာထူးတိုးမြှင့်ခန့်ထားခဲ့သော ဒေါက်တာ စိုးမိုးလွင် သည် ၎င်း၏တာဝန်ဝတ္တရားများကို ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့ ညနေပိုင်းတွင် စတင်ထမ်းဆောင်သည်။

ဒေါက်တာ ညွန့်ဖေ
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ဆောက်လုပ်ရေးဝန်ကြီးဌာန**

**အမိန့်ကြော်ငြာစာအမှတ် (၁၀၉/၂၀၂၂)**

နေပြည်တော်၊ ၁၃၈၄ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၂ ရက်

(၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ ၂၅ ရက်)

**မြေလွှဲပြောင်းပေးခြင်း**

၁။　ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးသည် ၁၉၅၁ ခုနှစ်၊ နိုင်ငံတော်ပြည်သူ့အိုးအိမ်ပြန်လည်ထူထောင်ရေးနှင့် မြို့ရွာစည်ပင်ရေးအဖွဲ့ အက်ဥပဒေပုဒ်မ-၂၇ (၁) (ခ-၁) အရ အပ်နှင်းထားသည့် အခွင့်အာဏာများကိုသုံးစွဲလျက် ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (သကတ-၁၆)၊ မြေကွက်အမှတ် (၆၈၉-က)၊ မြေဧရိယာ ၁.၁၄၄ ဧကရှိ အစိုးရမြေနေရာအား လူမှုဝန်ထမ်းဦးစီးဌာနအသုံးပြုရန်အတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသို့ အောက်ပါစည်းကမ်းချက်များဖြင့် လွှဲပြောင်းပေးလိုက်သည်-

(က)　ဖော်ပြပါမြေကို အများပြည်သူအကျိုးငှာ လူမှုဝန်ထမ်းဦးစီးဌာနအတွက်သာ အသုံးပြုရန်နှင့် အခြားနည်းဖြင့် အသုံးမပြုရ၊

(ခ) မြေကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ အသုံးပြုရန် မလိုအပ်သည့်အခါ ထိုမြေကို ဤဝန်ကြီးဌာနသို့ ပြန်လည်အပ်နှံရန်နှင့် အစိုးရမှ ပြန်လည်သိမ်းယူမည်။

(ဂ) မြေကိုအသုံးပြုရာတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် ဤဝန်ကြီးဌာနတို့ အယူအဆသဘောထားကွဲလွဲမှုရှိသည့်အခါ ယင်းကိစ္စကို ပြည်ထောင်စုအစိုးရ အဖွဲ့သို့တင်ပြ၍ အဆုံးအဖြတ်ခံယူရမည်။

၂။ **လွှဲပြောင်းပေးသည့် မြေ၏အကြောင်းအရာဖော်ပြချက်**

| တိုင်းဒေသကြီး | မြို့နယ် | မြေတိုင်းရပ်ကွက် အမှတ် | မြေကွက် အမှတ် | ခန့်မှန်း မြေဧရိယာ | | မှတ်ချက် |
|---|---|---|---|---|---|---|
| | | | | ဧက | ဒသမ | |
| ရန်ကုန်တိုင်း ဒေသကြီး | လှိုင်သာယာ | သကတ-၁၆ | ၆၈၉-က | ၁ | ၁၄၄ | |
| စုစုပေါင်း | | | | ၁ | ၁၄၄ | |

၃။ **နယ်နိမိတ်အလားအလာဖော်ပြချက်**

အရှေ့လားသော် - လမ်း

အနောက်လားသော် - လမ်း

တောင်လားသော် - လမ်း

မြောက်လားသော် - လမ်း

၄။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ၏ ၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၂၂ ရက်နေ့တွင် ကျင်းပပြုလုပ်သော စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၄၉/၂၀၂၀) အရ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (သကတ-၁၆)၊ မြေကွက်အမှတ် (၆၈၉-က)၊ မြေဧရိယာ ၁.၁၄၄ ဧကရှိ အစိုးရမြေနေရာအား လူမှုဝန်ထမ်းဦးစီးဌာနအသုံးပြုရန်အတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသို့ အမိန့်ကြော်ငြာစာ (ပြန်တမ်း) ဖြင့် လွှဲပြောင်းပေးပါသည်။

## အမိန့်ကြော်ငြာစာအမှတ် (၁၁၀/၂၀၂၂)

## မြေလွှဲပြောင်းပေးခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးသည် ၁၉၅၁ ခုနှစ်၊ နိုင်ငံတော်ပြည်သူ့အိုးအိမ်ပြန်လည်ထူထောင်ရေးနှင့် မြို့ရွာစည်ပင်ရေးအဖွဲ့ အက်ဥပဒေ ပုဒ်မ-၂၇ (၁) (ခ-၁) အရ အပ်နှင်းထားသည့် အခွင့်အာဏာများကိုသုံးစွဲလျက် ရန်ကုန်တိုင်းဒေသကြီး၊

လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (စက်မှုဇုန်အပိုင်း-၃)၊ မြေကွက်အမှတ် (၂၁)၊ မြေဧရိယာ ၁.၈၈၉ ဧကရှိ အစိုးရမြေနေရာအား လူမှုဝန်ထမ်းဦးစီးဌာနအသုံးပြုရန်အတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသို့ အောက်ပါစည်းကမ်းချက်များဖြင့် လွှဲပြောင်းပေးလိုက်သည်-

(က) ဖော်ပြပါမြေကို အများပြည်သူအကျိုးငှာ လူမှုဝန်ထမ်းဦးစီးဌာနအတွက်သာ အသုံးပြုရန်နှင့် အခြားနည်းဖြင့် အသုံးမပြုရ၊

(ခ) မြေကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ အသုံးပြုရန် မလိုအပ်သည့်အခါ ထိုမြေကို ဤဝန်ကြီးဌာနသို့ ပြန်လည်အပ်နှံရန်နှင့် အစိုးရမှ ပြန်လည်သိမ်းယူမည်။

(ဂ) မြေကိုအသုံးပြုရာတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် ဤဝန်ကြီးဌာနတို့ အယူအဆသဘောထားကွဲလွဲမှုရှိသည့်အခါ ယင်းကိစ္စကို ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြ၍ အဆုံးအဖြတ်ခံယူရမည်။

၂။ **လွှဲပြောင်းပေးသည့် မြေ၏အကြောင်းအရာဖော်ပြချက်**

| တိုင်းဒေသကြီး | မြို့နယ် | မြေတိုင်းရပ်ကွက် အမှတ် | မြေကွက် အမှတ် | ခန့်မှန်း မြေဧရိယာ | | မှတ် ချက် |
|---|---|---|---|---|---|---|
| | | | | ဧက | ဒသမ | |
| ရန်ကုန်တိုင်း ဒေသကြီး | လှိုင်သာယာ | စက်မှုဇုန်အပိုင်း-၃ | ၂၁ | ၁ | ၈၈၉ | |
| **စုစုပေါင်း** | | | | **၁** | **၈၈၉** | |

၃။ **နယ်နိမိတ်အလားအလာဖော်ပြချက်**

အရှေ့လားသော် - မြေကွက်အမှတ် (၂၁-D)

အနောက်လားသော် - လမ်း

တောင်လားသော် - မြေကွက်အမှတ် (၂၁-G) နှင့် (၂၁-E)

မြောက်လားသော် - မြေကွက်အမှတ် (၂၁-A)

၄။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ၏ ၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၂၂ ရက်နေ့တွင် ကျင်းပပြုလုပ်သော စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၄၉/၂၀၂၀) အရ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (စက်မှုဇုန်အပိုင်း-၃)၊ မြေကွက်အမှတ် (၂၁)၊ မြေဧရိယာ ၁.၈၈၉ ဧကရှိ အစိုးရမြေနေရာအား လူမှုဝန်ထမ်းဦးစီးဌာနအသုံးပြုရန်အတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသို့ အမိန့်ကြော်ငြာစာ (ပြန်တမ်း) ဖြင့် လွှဲပြောင်းပေးပါသည်။

**(ပြည်ထောင်စုဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၃၇၈/၂၀၂၂)**

နေပြည်တော်၊ ၁၃၈၄ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၄ ရက်

(၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၁၁ ရက်)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၁၁ ရက် နေ့စွဲပါ အမိန့်ကြော်ငြာစာ အမှတ် ၂၀၆/၂၀၂၂ အရ ကာကွယ်ရေးဝန်ကြီးဌာနမှ ဦးအောင်ကျော်စိုး အား ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနတွင် ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင် ထမ်းဆောင်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

ရွှေလေး

ပြည်ထောင်စုဝန်ကြီး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

ဆောက်လုပ်ရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၁၃၁/၂၀၂၂)**

၁၃၈၄ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၄ ရက်

(၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၁၁ ရက်)

၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၁ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေး အမှတ်စဉ် (၈/၂၀၂၂) ၏ အတည်ပြုချက်ဖြင့် ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပပြုလုပ်သော လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေး အမှတ်စဉ် (၁၀/၂၀၂၂) ၏ သဘောတူခွင့်ပြုချက်အရ လူမှုဝန်ထမ်းဦးစီးဌာနမှ ဦးစီးအရာရှိ၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ဒေါ်နေရတနာဇော် အား ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၁၆ ရက်နေ့မှစ၍ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာနသို့ လစာနှုန်းတူ ဦးစီးအရာရှိ (ဘဏ္ဍာရေး) ရာထူးဖြင့် ဌာန ပြောင်းရွှေ့တာဝန်ထမ်းဆောင်ခွင့်ပြုလိုက်သည်။

ဒေါက်တာ သက်သက်ခိုင်

ပြည်ထောင်စုဝန်ကြီး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

မှတ်ပုံတင်အမှတ်−၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း


| | | |
|---|---|---|
| ရန်ကုန်မြို့ | ၁၃၈၄ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၉ ရက်<br>(၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၁၆ ရက်) | သောကြာနေ့ |

ဤအပိုင်းကို သီးခြားစုပေါင်း၍ တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။


## အပိုင်း ၂

**ပြည်တွင်းအခွန်များဦးစီးဌာန**

**အများပြည်သူသိရှိလိုက်နာရန်သတ်မှတ်ချက် (Public Ruling)**

**အမှတ် (၃/၂၀၂၂)**

နေပြည်တော်၊ ၁၃၈၄ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၉ ရက်

(၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၁၆ ရက်)

**အခွန်ရှောင်ရှားခြင်း၊ အခွန်လျှော့နည်းပေးဆောင်ခြင်း၊ အခွန်ဆိုင်ရာသတင်းအချက်အလက်များ လွဲမှားဖော်ပြခြင်းနှင့် အခွန်ရှောင်တိမ်းခြင်းတို့နှင့်စပ်လျဉ်း၍ လိုက်နာကျင့်သုံးရန်သတ်မှတ်ခြင်း**

**နိဒါန်း**

၁။ အများပြည်သူအနေဖြင့် အခွန်ရှောင်ရှားခြင်း၊ အခွန်လျှော့နည်းပေးဆောင်ခြင်း၊ အခွန်ဆိုင်ရာသတင်းအချက်အလက်များ လွဲမှားဖော်ပြခြင်းနှင့် အခွန်ရှောင်တိမ်းခြင်းဟူသည့် စကားရပ်များ၏ အဓိပ္ပာယ်ကို ရှင်းလင်းစွာ သိရှိစေနိုင်ရန်နှင့် အဆိုပါဆောင်ရွက်ချက်များအပေါ် အရေးယူဆောင်ရွက်မည့်ကိစ္စရပ်များကို သိရှိနိုင်ရန် ပြည်တွင်းအခွန်များဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်သည် အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေ ပုဒ်မ ၁၁၊ ပုဒ်မခွဲ (က) ပါ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ဤအများပြည်သူသိရှိလိုက်နာရန် သတ်မှတ်ချက်ကို ထုတ်ပြန်ရခြင်းဖြစ်သည်။

၂။ ဤအများပြည်သူသိရှိလိုက်နာရန်သတ်မှတ်ချက်သည် အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေပုဒ်မ ၁၁၊ ပုဒ်မခွဲ (ခ) အရ ပြည်တွင်းအခွန်များဦးစီးဌာနအပေါ် စည်းနှောင်သက်ရောက်မှုရှိသည်။

D/Hla Nu/ Gazette 2022/ gazette (50) (II) 1

**သက်ဆိုင်သည့် အကြောင်းအရာ**

၃။ အခွန်ရှောင်ရှားခြင်း၊ အခွန်လျော့နည်းပေးဆောင်ခြင်း၊ အခွန်ဆိုင်ရာသတင်းအချက်အလက်များ လွဲမှားဖော်ပြခြင်းနှင့် အခွန်ရှောင်တိမ်းခြင်းဟူသည့် စကားရပ်များအပေါ် ပြည်တွင်းအခွန်များဦးစီးဌာန အနေဖြင့် မည်ကဲ့သို့အဓိပ္ပာယ်ဖွင့်ဆိုကြောင်းနှင့် အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း ရှင်းလင်းအသိပေးခြင်း ဖြစ်သည်။

**အကျိုးသက်ရောက်သူများ**

၄။ ဤအများပြည်သူသိရှိလိုက်နာရန်သတ်မှတ်ချက်သည် အခွန်ကျသင့်မှုကို ရှောင်ရှားသူများ၊ အခွန်လျော့နည်းပေးဆောင်သူများ၊ အခွန်ဆိုင်ရာသတင်းအချက်အလက်များကို လွဲမှားစွာဖော်ပြသူများနှင့် အခွန်ရှောင်တိမ်းသူများအားလုံးအပေါ်တွင် အကျိုးသက်ရောက်စေရမည်။

**သက်ဆိုင်သည့် ဥပဒေပြဋ္ဌာန်းချက်**

၅။ ဤအများပြည်သူသိရှိလိုက်နာရန်သတ်မှတ်ချက်သည် အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေပုဒ်မ ၃၂၊ ၆၈၊ ၆၉ နှင့် ၇၇ တို့ပါ ပြဋ္ဌာန်းချက်များနှင့်သက်ဆိုင်စေရမည်။

**အခွန်ရှောင်ရှားခြင်း (Tax Avoidance)**

၆။ မည်သူမဆို အခွန်ဆိုင်ရာဥပဒေများကို နားလည်သဘောပေါက်ပြီး ထိုက်သင့်သည့် အခွန်အား ရှောင်ရှားနိုင်ရန်အလို့ငှာ အခွန်ဆိုင်ရာလိုက်နာဆောင်ရွက်ရမည့် ကျင့်ဝတ်များကိုဖောက်ဖျက်၍ အခွန် ပေးဆောင်ထိုက်သော ဝင်ငွေ သို့မဟုတ် ပေးဆောင်ရမည့် အခွန်ကို လျော့နည်းအောင်ဆောင်ရွက်ခြင်း ဖြစ်ပါက **အခွန်ရှောင်ရှားခြင်း (Tax Avoidance)** ဖြစ်သည်ဟု မှတ်ယူရမည်။ အဆိုပါ အခွန်ရှောင်ရှား ခြင်းတွင် အောက်ဖော်ပြပါ ကိစ္စရပ်များလည်းပါဝင်သည်-

(က) ရရန်ပိုင်ခွင့်၊ ပစ္စည်း၊ ဝန်ဆောင်မှု သို့မဟုတ် အကျိုးခံစားခွင့်တစ်ခုကို ပြင်ပဈေးကွက်ပေါက်ဈေး (market price) အတိုင်း ဖော်ပြမှုမရှိခြင်း၊

(ခ) နယ်စပ်ဖြတ်ကျော်ဈေးနှုန်းလွှဲပြောင်းခြင်းတွင် လက်တစ်ကမ်းမဟုတ်သည့် လွှဲပြောင်းမှုများ (non-arm's length transfers) ပြုလုပ်ခြင်း၊

(ဂ) ဝင်ငွေအပေါ်ပေးဆောင်ရန်ရှိသည့် စုစုပေါင်းအခွန်ကို လျော့နည်းစေရန်ရည်ရွယ်ချက်ဖြင့် အခွန်ထမ်းနှင့် တွဲဖက်လုပ်ကိုင်သူများ (associated enterprises) အကြား ဝင်ငွေကိုစိတ်ပိုင်းခြင်း၊

(ဃ) အခွန်ဆိုင်ရာအကျိုးခံစားခွင့်များ (Tax Benefits) ရရှိနိုင်ရန်အတွက် ပုဂ္ဂိုလ်စုများ၏ ဖွဲ့စည်းပုံများအား ပြင်ဆင်ပြောင်းလဲခြင်း၊

(င) ပြည်ထောင်အချင်းချင်းချုပ်ဆိုသည့် အခွန်ဆိုင်ရာသဘောတူစာချုပ်များအား အလွဲသုံးစားပြု၍ အခွန် ရှောင်ရှားခြင်း။

**ပေါ့ဆမှုဖြင့် သို့မဟုတ် မရိုးမဖြောင့်သောရည်ရွယ်ချက်ဖြင့် အခွန်လျှော့နည်းပေးဆောင်ခြင်း (Negligent or Fraudulent Underpayment)**

၇။ မည်သူမဆို အခွန်ကြေညာလွှာတင်သွင်းရာတွင် ပေါ့ဆမှုကြောင့်သော်လည်းကောင်း၊ မရိုးမဖြောင့်သော ရည်ရွယ်ချက်ဖြင့်သော်လည်းကောင်း ထိုက်သင့်သည့် အခွန်ကို လျှော့နည်းဖော်ပြခြင်းဖြစ်ပါက **ပေါ့ဆမှုဖြင့် သို့မဟုတ် မရိုးမဖြောင့်သောရည်ရွယ်ချက်ဖြင့် အခွန်လျှော့နည်းပေးဆောင်ခြင်း (Negligent or Fraudulent Underpayment)** ဖြစ်သည်ဟု မှတ်ယူရမည်။ အဆိုပါ ပေါ့ဆမှုဖြင့် သို့မဟုတ် မရိုးမဖြောင့်သော ရည်ရွယ်ချက်ဖြင့် အခွန်လျှော့နည်းပေးဆောင်ခြင်းတွင် အောက်ဖော်ပြပါကိစ္စရပ်များလည်း ပါဝင်ပါသည်-

(က) ကြိုတင်ကြံရွယ်ချက်ဖြင့် ကာလရှည်ကြာစွာ ကြေညာလွှာတင်သွင်းရန် ပျက်ကွက်ခဲ့ခြင်း၊

(ခ) ဝင်ငွေ၊ ရငွေနှင့် ရောင်းရငွေတို့ကို လျှော့နည်းဖော်ပြခြင်း၊

(ဂ) သက်သာခွင့်များကို လိမ်လည်တောင်းခံခြင်း၊

(ဃ) တန်ဖိုးလျှော့ငွေများကို မရိုးမဖြောင့်သောနည်းဖြင့် တောင်းခံခြင်း၊

(င) စာရင်းအထောက်အထားများ မှားယွင်းတင်ပြခြင်း၊

(စ) ပေးဆောင်ခဲ့ရသည့်အခွန် (Input Tax) ကို မမှန်မကန် ခုနှိမ်ခွင့်တောင်းခံခြင်း၊

(ဆ) ပေးဆောင်ရမည့်အခွန် (Output Tax) ကို ထိမ်ချန်ခြင်း၊

(ဇ) ပြေစာတွင် ကျသင့်သည့်အခွန်အတွက် အခွန်အမှတ်တံဆိပ်ကပ်နှိပ်မှုမရှိခြင်း၊

(ဈ) အခွန်အမှတ်တံဆိပ်ကပ်နှိပ်ရန် သတ်မှတ်ထားသည့် အထူးကုန်စည်များတွင် အခွန်အမှတ်တံဆိပ် ကပ်နှိပ်မှုမရှိခြင်း၊

(ည) လူပုဂ္ဂိုလ်ကြောင့်ဖြစ်စေ၊ စက်ပစ္စည်းကြောင့်ဖြစ်စေ စာရင်းရေးသွင်းချက် မှားယွင်းမှုများဖြစ်ပေါ်ခြင်း။

**မှားယွင်းသော သို့မဟုတ် လမ်းလွဲစေနိုင်သော ဖော်ပြချက်များ (False or Misleading Statements)**

၈။ မည်သူမဆို အခွန်လျှော့နည်းသက်သာစေရန်ဖြစ်စေ၊ အခွန်ကောက်ခံခြင်း သို့မဟုတ် အခွန် ပေးဆောင်ခြင်းကို တမင်ရှောင်လွှဲနိုင်ရန်ဖြစ်စေ၊ ရပိုင်ခွင့်မရှိသည့် ပြန်အမ်းငွေကို ရရှိနိုင်ရန်ဖြစ်စေ မှားယွင်းသော သို့မဟုတ် လမ်းလွဲစေနိုင်သော ဖော်ပြချက်ကို အခွန်ဝန်ထမ်းထံတင်ပြပြီး ယင်းသတင်း အချက်အလက်ကို မှန်ကန်သည်ဟုယူဆ၍ စည်းကြပ်မှုပြုရာတွင် အမှန်ပေးဆောင်ရန်တာဝန်ရှိသော အခွန်အောက် လျှော့နည်းပေးဆောင်ခဲ့ဖွယ်ရှိလျှင် သို့မဟုတ် အမှန်ပြန်အမ်းရမည့် ငွေထက် ပိုမိုပြန်အမ်းခဲ့ဖွယ်

ရှိလျှင် ၎င်းအား အခွန်ဆိုင်ရာသတင်းအချက်အလက်များကို **မှားယွင်းစွာ သို့မဟုတ် လမ်းလွဲစွာဖော်ပြခြင်း (False or Misleading Statements)** ဖြစ်သည်ဟု မှတ်ယူရမည်။ အဆိုပါ အခွန်ဆိုင်ရာ သတင်းအချက်အလက်များကို မှားယွင်းစွာ သို့မဟုတ် လမ်းလွဲစွာဖော်ပြခြင်းတွင် အောက်ဖော်ပြပါကိစ္စရပ်များလည်း ပါဝင်ပါသည်-

(က) ဝင်ငွေ၊ ရငွေနှင့် ရောင်းရငွေတို့ကို တမင်ထိမ်ချန်ခြင်း၊

( ခ ) အခွန်ကြေညာလွှာတွင် မမှန်ကန်သည့်အချက်အလက်များကို ရေးသားဖော်ပြထားခြင်း၊

( ဂ ) အခွန်ဝန်ထမ်းက နှုတ်ဖြင့်မေးမြန်းရာတွင်ဖြစ်စေ၊ စာဖြင့်တောင်းခံရာတွင်ဖြစ်စေ မမှန်ကန်သည့် အချက်အလက်များကို တင်ပြခြင်း၊

(ဃ) မမှန်ကန်သည့် စာရင်းဇယားများနှင့် စာတမ်းအမှတ်အသားများကို ထိန်းသိမ်းထားရှိခြင်း သို့မဟုတ် တင်ပြခြင်း၊

( င ) ကုန်ပစ္စည်းများကို တရားမဝင် တင်သွင်းခြင်း သို့မဟုတ် တင်ပို့ခြင်း၊

( စ ) အခွန်အရကောက်ခံခြင်းကို ရှောင်လွှဲနိုင်ရန် ပိုင်ဆိုင်ပစ္စည်းများကို လွှဲပြောင်းမှုပြုခြင်း၊

(ဆ) ဘဏ်စာရင်းဖွင့်လှစ်ထားရှိမှုများအား ထိမ်ချန်ခြင်း၊

( ဇ ) ဘဏ္ဍာရေးရှင်းတမ်းများ တစ်ခုထက်ပိုမိုထားရှိခြင်း။

**အခွန်ရှောင်တိမ်းခြင်း (Tax Evasion)**

၉။ မည်သူမဆို အခွန်ဆိုင်ရာဥပဒေများကို သိလျက်နှင့် တမင်ကြံရွယ်ချက်ဖြင့် ဖောက်ဖျက်ကျူးလွန်ခြင်း သို့မဟုတ် အထက်အပိုဒ် ၇ နှင့် ၈ ပါ ကိစ္စရပ်တစ်ခုခုကို အကြိမ်ကြိမ်ကျူးလွန်ခြင်း သို့မဟုတ် အခွန်ဆိုင်ရာ ပျက်ကွက်မှုတစ်ရပ်ရပ်ကြောင့် နိုင်ငံတော်၏အခွန်ဘဏ္ဍာငွေဆုံးရှုံးမှုပမာဏများပြားခြင်း စသည်တို့သည် **အခွန်ရှောင်တိမ်းခြင်း (Tax Evasion)** ဖြစ်သည်ဟု မှတ်ယူပြီး အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေပုဒ်မ ၇၇ အရ အခွန်ရှောင်တိမ်းခြင်းမြောက်သော ကျူးလွန်မှုများအဖြစ်သတ်မှတ်၍ ရာဇဝတ်ကြောင်းအရ အရေးယူခြင်းနှင့် ငွေဒဏ်ချမှတ်ခြင်းများ ခံရမည်ဖြစ်သည်။

**ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေအရ တရားစွဲဆိုခြင်း**

၁၀။ အထက်အပိုဒ် ၉ အရ **အခွန်ရှောင်တိမ်းမှု (Tax Evasion)** ကျူးလွန်သူများသည် အခွန်ဆိုင်ရာ စီမံအုပ်ချုပ်မှုဥပဒေဖြင့် အရေးယူခံရမည့်အပြင် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေအရလည်း ထပ်မံ တရားစွဲဆိုခံရနိုင်ပါသည်။

D/Hla Nu/ Gazette 2022/ gazette (50) (II) 4

၁၁။ ဤအများပြည်သူသိရှိလိုက်နာရန်သတ်မှတ်ချက်ကို ပိုမိုရှင်းလင်းစွာသိရှိနိုင်စေရန် အောက်ဖော်ပြပါ နမူနာဖြစ်စဉ်များဖြင့် ရှင်းလင်းဖော်ပြအပ်ပါသည်–

**နမူနာ (၁)**

(က) **ဖြစ်စဉ်။** ကုမ္ပဏီ "A" သည် အရက်အမျိုးမျိုးကို ပြည်တွင်းတွင် ထုတ်လုပ်ရောင်းချသော ကုမ္ပဏီ ဖြစ်ပြီး ၂၀၂၀–၂၀၂၁ ဝင်ငွေနှစ်တွင် အဆိုပါအရက်များကို ထုတ်လုပ်ရောင်းချရငွေ ကျပ်သိန်း ၅,၀၀၀ ရှိကြောင်း ဝင်ငွေကြေညာလွှာတင်သွင်းခဲ့ပါသည်။ ယင်းဝင်ငွေနှစ်အတွက် အခွန်စာရင်းစစ်ဆေးရာတွင် ကုမ္ပဏီ "A" သည် မိမိနှင့်အကျိုးစီးပွားဆက်နွှယ်မှုရှိသည့် တွဲဖက်လုပ်ကိုင်သူများအား စက်ရုံထုတ်ရောင်းဈေးကို လျှော့ချသတ်မှတ်၍ရောင်းချခဲ့ပြီး အကျိုးစီးပွားဆက်နွှယ်မှုမရှိသည့် အခြားကုမ္ပဏီများအား ပြင်ပဈေးကွက်ပေါက်ဈေးအတိုင်း စက်ရုံထုတ်ရောင်းဈေးသတ်မှတ်၍ ရောင်းချခဲ့ကြောင်း စစ်ဆေးတွေ့ရှိရပါသည်။

(ခ) **အများပြည်သူသိရှိလိုက်နာရန်သတ်မှတ်ချက်ကို ကျင့်သုံးခြင်း။** ကုမ္ပဏီ "A" သည် အခွန်ဆိုင်ရာ လိုက်နာဆောင်ရွက်ရမည့် ကျင့်ဝတ်ကိုဖောက်ဖျက်၍ ပေးဆောင်ရမည့် အခွန်ကို လျှော့နည်းအောင် မိမိနှင့် အကျိုးစီးပွားဆက်နွှယ်မှုရှိသည့် တွဲဖက်လုပ်ငန်းလုပ်ကိုင်သူများအကြား ပြင်ပဈေးကွက်ပေါက်ဈေး အတိုင်း ဖော်ပြမှုမရှိသဖြင့် **အခွန်ရှောင်ရှားခြင်း** ဖြစ်သည်ဟု မှတ်ယူရမည်။

**နမူနာ (၂)**

(က) **ဖြစ်စဉ်။** ကုမ္ပဏီ "B" သည် ကုန်စည်တင်သွင်းရောင်းချသည့် လုပ်ငန်းအားဆောင်ရွက်ပြီး ၂၀၂၀–၂၀၂၁ ဝင်ငွေနှစ်အတွက် ပေးပို့သည့် ဝင်ငွေကြေညာလွှာတွင် ရောင်းရငွေ ကျပ်သိန်း ၁,၀၀၀ ရရှိကြောင်း ဖော်ပြ၍ တင်သွင်းခဲ့ပါသည်။ ယင်းဝင်ငွေနှစ်အတွက် ကုမ္ပဏီအား အခွန်စာရင်းစစ်ဆေးသည့်အချိန်တွင် ဝင်ငွေကြေညာလွှာ၌ ရောင်းရငွေကို လျှော့နည်းဖော်ပြထားပြီး အမှန်ရောင်းရငွေမှာ ကျပ်သိန်း ၁,၂၀၀ ဖြစ်ကြောင်း စစ်ဆေးတွေ့ရှိခဲ့သည်။

(ခ) **အများပြည်သူသိရှိလိုက်နာရန်သတ်မှတ်ချက်ကို ကျင့်သုံးခြင်း။** ကုမ္ပဏီ "B" သည် မရိုးမဖြောင့်သော ရည်ရွယ်ချက်ဖြင့် အခွန်လျှော့နည်းပေးဆောင်ရစေရန် ယင်း၏ရောင်းရငွေကို လျှော့နည်းဖော်ပြခဲ့ခြင်း ဖြစ်သဖြင့် **ပေါ့ဆမှုဖြင့် သို့မဟုတ် မရိုးမဖြောင့်သော ရည်ရွယ်ချက်ဖြင့် အခွန်လျှော့နည်းပေးဆောင်ခြင်း** ဖြစ်သည်ဟု မှတ်ယူရမည်။

**နမူနာ (၃)**

(က) **ဖြစ်စဉ်။** ကုမ္ပဏီ "C" သည် ကုန်စည်ထုတ်လုပ်ရောင်းချသည့် လုပ်ငန်းအားဆောင်ရွက်ပြီး ၂၀၂၀–၂၀၂၁ ဘဏ္ဍာနှစ်အတွက် တင်သွင်းသော ကုန်သွယ်လုပ်ငန်းခွန်ကြေညာလွှာတွင် ပြန်အမ်းငွေ ကျပ်သိန်း ၁,၂၀၀ ရရန်ရှိကြောင်းဖော်ပြ၍ တင်သွင်းခဲ့ပါသည်။ အဆိုပါ ဘဏ္ဍာနှစ်အတွက်

ကုမ္ပဏီအား အခွန်စာရင်းစစ်ဆေးချိန်တွင် ကုမ္ပဏီအနေဖြင့် ထုတ်လုပ်မှုလုပ်ငန်းတွင်အသုံးပြုရန် ပြည်ပမှတင်သွင်းခဲ့သော ကုန်ကြမ်းပစ္စည်းများအတွက် ပေးဆောင်ခဲ့သော ကုန်သွယ်လုပ်ငန်းခွန်ကို လစဉ်ပေးဆောင်ခဲ့သည့် ကုန်သွယ်လုပ်ငန်းခွန်များတွင် ခုနှိမ်ပေးဆောင်ထားပြီးဖြစ်ကြောင်း၊ ပြန်အမ်းငွေ ရပိုင်ခွင့် မရှိတော့ကြောင်း စစ်ဆေးတွေ့ရှိရပါသည်။

( ခ ) **အများပြည်သူသိရှိလိုက်နာရန်သတ်မှတ်ချက်ကို ကျင့်သုံးခြင်း။** ကုမ္ပဏီ “C” သည် အခွန်ပေးဆောင်ရမည်ကို ရှောင်လွှဲနိုင်ရန်အတွက် ရပိုင်ခွင့်မရှိသည့် ပြန်အမ်းငွေကို တမင်ကြံရွယ်၍မှားယွင်းသော သို့မဟုတ် လမ်းလွဲစေနိုင်သောဖော်ပြချက်များဖြင့် တင်ပြတောင်းခံခဲ့ကြောင်း အထောက်အထားများအရ စစ်ဆေးတွေ့ရှိရသဖြင့် **မှားယွင်းသော သို့မဟုတ် လမ်းလွဲစေနိုင်သော ဖော်ပြချက်များ** ဖြစ်သည်ဟု မှတ်ယူရမည်။

**နမူနာ (၄)**

(က) **ဖြစ်စဉ်။** ကုမ္ပဏီ “D” သည် ထုတ်လုပ်မှုဆောင်ရွက်သော ကုမ္ပဏီဖြစ်ပြီး ၂၀၂၀-၂၀၂၁ ဝင်ငွေနှစ်တွင် ထုတ်လုပ်မှုရငွေ ကျပ်သိန်း ၅,၀၀၀ နှင့် ပြန်အမ်းငွေ ကျပ်သိန်း ၂,၀၀၀ ရှိကြောင်း ဝင်ငွေကြေညာလွှာတင်သွင်းခဲ့ပါသည်။ အဆိုပါဝင်ငွေနှစ်အတွက် ကုမ္ပဏီအား အခွန်စာရင်းစစ်ဆေးရာ ထုတ်လုပ်မှုရငွေများ ထိမ်ချန်မှုပြုလုပ်ခြင်း၊ တန်ဖိုးလျော့ငွေအား မရိုးမဖြောင့်သောနည်းဖြင့် တောင်းခံခြင်း၊ မမှန်ကန်သည့် စာရင်းဇယားများကိုတင်ပြခြင်း၊ ရပိုင်ခွင့်မရှိသည့် ပြန်အမ်းငွေများ လိမ်လည်တောင်းခံခြင်းတို့ကို ဝင်ငွေနှစ်အတွင်း ကျူးလွန်ခဲ့ကြောင်း စိစစ်တွေ့ရှိခဲ့ပါသည်။

( ခ ) **အများပြည်သူသိရှိလိုက်နာရန်သတ်မှတ်ချက်ကို ကျင့်သုံးခြင်း။** ကုမ္ပဏီ “D” သည် အခွန်လျော့နည်းစေရန် ရငွေများကို တမင်ထိမ်ချန်ခြင်း၊ တန်ဖိုးလျော့ငွေများ လိမ်လည်တောင်းခံခြင်း၊ မမှန်ကန်သည့် စာရင်းဇယားများတင်ပြခြင်းတို့ကို တမင်ကြံရွယ်၍ကျူးလွန်ခဲ့ကြောင်း စိစစ်တွေ့ရှိရသဖြင့် **အခွန်ရှောင်တိမ်းခြင်း** ဖြစ်သည်ဟု မှတ်ယူရမည်။

၁၂။ ဤအများပြည်သူသိရှိလိုက်နာရန်သတ်မှတ်ချက်သည် ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့မှစတင်၍ အကျိုးသက်ရောက်စေရမည်။

၁၃။ ဤအများပြည်သူသိရှိလိုက်နာရန်သတ်မှတ်ချက်ကို လက်မှတ်ရေးထိုး ထုတ်ပြန်လိုက်သည်။

မင်းထွန်း

ညွှန်ကြားရေးမှူးချုပ်

ပြည်တွင်းအခွန်များဦးစီးဌာန

မှတ်ပုံတင်အမှတ်–၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

| ရန်ကုန်မြို့ | ၁၃၈၄ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၉ ရက်<br>(၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၁၆ ရက်) | သောကြာနေ့ |
| --- | --- | --- |

ဤအပိုင်းကို သီးခြားစုပေါင်း၍ တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၄

### ဂိုး(လ်)ဒင်းရော့(ခ်)ထရားဗဲ(လ်)အင်(န်)တိုး(စ်)ကုမ္ပဏီလီမိတက်
### (GOLDEN ROCK TRAVEL & TOURS COMPANY LIMITED)

မြန်မာနိုင်ငံကုမ္ပဏီများဥပဒေနှင့် လူမွဲခံယူခြင်းဆိုင်ရာဥပဒေအရ
အစုရှင်များ၏ဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းခြင်း

၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၁၅ ရက်နေ့တွင် ကုမ္ပဏီ၏ရုံးခန်း၌ ကျင်းပပြုလုပ်သော ဒါရိုက်တာများ၏ အထူးအစည်းအဝေးတွင် မန်နေးဂျင်းဒါရိုက်တာဖြစ်သူ ဒေါ်ခင်သီနွယ်မှ သဘာပတိအဖြစ်ဆောင်ရွက်ပြီး အောက်ဖော်ပြပါ ဆုံးဖြတ်ချက်များကို ချမှတ်ခဲ့ပါသည်။

၁။ ကုမ္ပဏီကို မြန်မာနိုင်ငံ၏ ကုမ္ပဏီများဥပဒေနှင့် လူမွဲခံယူခြင်းဆိုင်ရာဥပဒေအရ အစုရှယ်ယာရှင်များ၏ ဆန္ဒအလျောက် ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ (၁၅) ရက်နေ့မှစ၍ စာရင်းရှင်းလင်းဖျက်သိမ်းရန် သဘောတူဆုံးဖြတ်ကြပါသည်။

၂။ ကုမ္ပဏီ၏ စာရင်းရှင်းလင်းဖျက်သိမ်းခြင်းကိစ္စအား ဆောင်ရွက်နိုင်ရန်အတွက် ဦးပါပိုဂနီဆန် B.A (English) R.L, Advocate (Registration No.4647) အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ (Liquidator) အဖြစ် ခန့်အပ်ရန် သဘောတူဆုံးဖြတ်ကြပါသည်။

၃။ တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိဖြစ်သော ကျွန်ုပ်ထံသို့ ကုမ္ပဏီ၏ မြီရှင်များသည် မိမိတို့၏ ကြွေးမြီတောင်းခံလွှာများကို (၁၆–၁–၂၀၂၃) ရက်နေ့ နောက်ဆုံးထားကာ သက်သေပြ စာရွက်စာတမ်း အထောက်အထားများနှင့်တကွ တင်ပြတောင်းခံနိုင်ကြောင်း အသိပေးကြေညာ အပ်ပါသည်။

ဒေါ်ခင်သီနွယ်
မန်နေးဂျင်းဒါရိုက်တာ
ဂိုး(လ်)ဒင်းရော့(ခ်)ထရားဗဲ(လ်)အင်(န်)တိုး(စ်)
ကုမ္ပဏီလီမိတက်

ဦးပါပိုဂနီဆန်
B.A (English) R.L
Advocate (Registration No.4647)
Khin Su Htay & Associates Legal & Tax Consultants Ltd
Liquidator
Email:papo@ytp.com.mm
Tel:09420051071, 09420140625

## SUNLEN INTERNATIONAL MYANMAR COMPANY LIMITED

### အပြီးသတ်ဖျက်သိမ်းနိုင်ရန်အတွက် နောက်ဆုံးအကြိမ်အစည်းအဝေးခေါ်ယူခြင်း

ဤကုမ္ပဏီ၏ စာရင်းများကို ရှင်းလင်းပြုစုဆောင်ရွက်ထားပြီးဖြစ်၍ အစုရှင်များအားလုံးသို့ တင်ပြ အတည်ပြုချက်ရယူလိုပါသဖြင့် အောက်ပါအတိုင်း ကျင်းပပြုလုပ်မည့်အစည်းအဝေးသို့ အစုရှင်များ မပျက်မကွက်တက်ရောက်ကြပါရန် ဖိတ်ကြားပါကြောင်း ကြေညာအပ်ပါသည်။

အစည်းအဝေးအသေးစိတ်မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

ကျင်းပမည့်နေ့ရက် - ၂၂-၁၂-၂၀၂၂

ကျင်းပမည့်အချိန် - နံနက် (၁၁:၀၀) နာရီ

ကျင်းပမည့်နေရာ - No. (241), Bo Myat Tun Street,
No. (10) Ward/Botahtaung Township, Yangon Region, Myanmar

DAW NAW ZUE ZUE
MANAGING DIRECTOR
SUNLEN INTERNATIONAL MYANMAR CO.,LTD

KYAWT MG
B.A, CPA, R.A, I.C.M.A, PART II (LONDON)
Certified Public Accountant & Auditor

## Padaethar Wai Phyar Company Limited

### ကုမ္ပဏီအားဆန္ဒအလျောက်ဖျက်သိမ်းခြင်း
### နောက်ဆုံးအစည်းအဝေးတက်ရောက်ရန် ဖိတ်ကြားခြင်း

မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေပုဒ်မ ၃၅၇ (က) အရ ကုမ္ပဏီ၏စာရင်းများကို အပြီးသတ် ဖျက်သိမ်း နိုင်ရန်အတွက် နောက်ဆုံးအစည်းအဝေးကို ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ (၂၁) ရက်နေ့၊ နံနက် (၁၀း၀၀) နာရီ အချိန်တွင် ကချင်ပြည်နယ်၊ ဖားကန့်မြို့နယ်၊ နန့်မဖြတ်ရပ်ကွက်၊ အမှတ် (၂၆/က + ၂၃) ၌ ကျင်းပပြုလုပ်မည် ဖြစ်ပါသောကြောင့် အဖွဲ့ဝင်များအားလုံး တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

အစည်းအဝေးတွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ အစီရင်ခံစာနှင့် စာရင်းရှင်းတမ်းများ တင်ပြပါမည်။

ဒေါ်နန္ဒာလင်း
အုပ်ချုပ်မှုဒါရိုက်တာ
Padaethar Wai Phyar Co.,Ltd

ဦးမျိုးဟိန်း
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ MAIP (00074)
Padaethar Wai Phyar Co.,Ltd (ဖျက်သိမ်းဆဲ)

D/Hla Nu/ Gazette 2022/ gazette (50) (IV) 2

**AVANTIX CO.,LTD (Reg No.120627163)**

(အစုရှယ်ယာရှင်များ ဆန္ဒအရဖျက်သိမ်းဆဲ)

မြန်မာနိုင်ငံကုမ္ပဏီများဥပဒေပုဒ်မ-၃၅၇ (က) အရ

အပြီးသတ်နောက်ဆုံးအစည်းအဝေးဖိတ်ကြားခြင်း

အထက်ဖော်ပြပါ ကုမ္ပဏီလီမိတက် အစုရှယ်ယာရှင်များ၏ အပြီးသတ်နောက်ဆုံးအစည်းအဝေးကို (၃၀-၁၂-၂၀၂၂) နံနက် (၁၀း၃၀) နာရီတွင် အခန်းအမှတ် (၄၀၆)၊ မြကန်သာ (၄) လမ်း၊ မြကန်သာကွန်ဒို၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့ရှိ ကုမ္ပဏီရုံးခန်း၌ ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် အစုရှယ်ယာရှင်များအားလုံး တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။ ယင်းအစည်းအဝေးတွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိမှ အစီရင်ခံစာနှင့် စာရင်းရှင်းတမ်းကိုတင်ပြကာ ကုမ္ပဏီအား အပြီးသတ်ဖျက်သိမ်းသွားမည်ဖြစ်ပါသည်။

ဦးဖြိုးဝေ (LL.B)

တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၅၈၀)

(MAIP – 00144) (09 420130761)

စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

**Ignite Technology Group Company Limited**

(အစုရှင်များ၏ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း)

နောက်ဆုံးအစည်းအဝေးတက်ရောက်ရန် ဖိတ်ကြားခြင်း

**Ignite Technology Group Company Limited** ၏ နောက်ဆုံးအစည်းအဝေးကို ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၁၆ ရက်နေ့၊ နံနက် (၁၀း၃၀) နာရီအချိန်တွင် ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ သုဝဏ္ဏ၊ ၂၉ ရပ်ကွက်၊ မြသီတာလမ်း၊ အမှတ် (၁၉၅) တွင် ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အဖွဲ့ဝင်အားလုံး မပျက်မကွက် တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

အစည်းအဝေးတွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ အစီရင်ခံစာနှင့် စာရင်းရှင်းတမ်းများ တင်ပြပါမည်။

ဒေါက်တာ မြမာလာအေး

တရားလွှတ်တော်ရှေ့နေ

စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

## MYANMAR PARAMOUNT COMPANY LIMITED

ကျွန်တော်တို့၏ **MYANMAR PARAMOUNT COMPANY LIMITED** ကို အစုရှယ်ယာရှင်များ၏ သဘောဆန္ဒအရ (၁၅-၁၂-၂၀၂၂) နေ့ရက်က ကုမ္ပဏီရုံးခန်းတွင် ကျင်းပသော အထူးအစည်းအဝေးမှ Myanmar Insolvency Law နှင့်အညီ ဆန္ဒအလျောက်ဖျက်သိမ်းရန် အထူးဆုံးဖြတ်ချက်ကို ချမှတ်ခဲ့ပါသည်။ ယင်းအစည်းအဝေးကပင် ကုမ္ပဏီစာရင်းရှင်းလင်းရေးအရာရှိအဖြစ် ဒေါ်ခင်ဦးဟန် လက်မှတ်ရပြည်သူ့စာရင်းကိုင်အရာရှိ (PA–1027) အား တရားဝင်စာရင်းရှင်းလင်းရေးအရာရှိအဖြစ် ခန့်ထားရန် ဆုံးဖြတ်ခဲ့ကြပါသည်။ သို့ဖြစ်ပါ၍ ကုမ္ပဏီမှ ရရန်နှင့် ပေးရန်ရှိသည်များကို (၁၆-၁-၂၀၂၃) နေ့ထက်နောက်မကျဘဲ အောက်ဖော်ပြပါ တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ ဆက်သွယ်ဆောင်ရွက်ရန် ကြေညာအပ်ပါသည်။

ဦးမင်းဆွေ
ဒါရိုက်တာ
MYANMAR PARAMOUNT COMPANY LIMITED

ဒေါ်ခင်ဦးဟန်
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
အမှတ် (၁၉) အေ၊ (၃) လွှာ၊ ရုံးကြီးလမ်း၊
အိုးဘိုရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

Notice for Final General Meeting

## PETRO 6 ENGINEERING & CONSTRUCTION (MYANMAR) PRIVATE LIMITED

(In Members' Voluntary Winding–up)

Final General Meeting of the members' voluntary liquidation of **Petro 6 Engineering & Construction (Myanmar) Private Limited** will be held at No.4, Pyidawaye Yeiktha, Kabaaye Pagoda Road, Yankin Township, Yangon at 10:00 am on (16–1–2023), all members are cordially invited to attend the final general meeting.

At the meeting, the liquidator's report and liquidation statement of accounts shall be finally presented and winding–up.

Daw Myint Myint Toe
B.Com, CPA
Liquidator
Petro 6 Engineering & Construction (Myanmar) Private Limited
No. 4, Pyidawaye Yeiktha, Kabaaye Pagoda Road,
Yankin Township, Yangon, Myanmar.

D/Hla Nu/ Gazette 2022/ gazette (50) (IV) 4

Notice under Section Insolvency Law

**China Machinery Industry Fifth Construction Corporation (Myanmar) Limited**

(Members' Voluntary Winding–up)

Notice is hereby given that in accordance with the special resolutions of members meeting held (5–11–2022) at Zone A–03–03, Golden City Business Center, Yankin Road, Yankin Township, Yangon, Myanmar:

(1) **China Machinery Industry Fifth Construction Corporation (Myanmar) Limited** is winding–up voluntarily with effectiveness from (5–11–2022). And **U Myo Thet Tun** has been appointed at Liquidator and with effectiveness from (5–11–2022).

(2) All debtors and creditors shall claim their debts with evidence documents to the liquidator until (24–12–2022).

U Myo Thet Tun
Liquidator
China Machinery Industry Fifth Construction Corporation (Myanmar) Limited
Ph–09795517564

Zone A–03–03, Golden City Business Center, Yankin Road, Yankin Township, Yangon Region, Myanmar.

Notice

**SUNWAY BUILDERS (MYANMAR) COMPANY LIMITED**

(In members' Voluntary Liquidation)

Myanmar Companies Law (2017) and Insolvency Law

**Final Meeting**

A Final meeting of the above Company will be held on 16th January 2023 at No. 520, Room 206, 2nd Floor, Excel Tower, Kabar Aye Pagoda Road, Bahan Township, Yangon Region, at 9:00 am.

**AGENDA**

1. To Explain & Lay before the meeting the Liquidator's account of the Liquidation.
2. To give any explanation there of.

U Ko Ko Zaw
Liquidator
Sunway Builders (Myanmar) Company Limited

ပ၊ ထ၊ န - အမှတ် ၅၇၅/ ၂၁/ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန/ စောင်ရေ - ၁၇၈၀/ ၁၆-၁၂-၂၀၂၂။

D/Hla Nu/ Gazette 2022/ gazette (50) (IV) 5

D/Hla Nu/ Gazette 2022/ gazette (50) (IV) 6